http://www.dhammadownload.com

ကြားစိတ်က ချစ်တာမဟုတ်ပါ။
ကြားစိတ်က မုန်းတာမဟုတ်ပါ။
ကြားစိတ်က ဥပေက္ခာပါ။

နံ့စိတ်က ကြိုက်တာမဟုတ်ပါ။
နံ့စိတ်က မကြိုက်တာမဟုတ်ပါ။
နံ့စိတ်က ဥပေက္ခာပါ။

စားစိတ်က ကြိုက်တာမဟုတ်ပါ။
စားစိတ်က မကြိုက်တာမဟုတ်ပါ။
စားစိတ်က ဥပေက္ခာပါ။

မြင်လို့ ချစ်တာက မနေ့ပါ။
မြင်လို့ မုန်းတာက မနေ့ပါ။

ကြားလို့ သဘောကျတာက မနေ့ပါ။
ကြားလို့ သဘောမကျတာက မနေ့ပါ။

နံလို့ ကြိုက်တာက မနေ့ပါ။
နံလို့ မကြိုက်တာက မနေ့ပါ။

စားလို့ ကောင်းတာက မနေ့ပါ။
စားလို့ မကောင်းတာက မနေ့ပါ။

အဲဒါကြောင့် စက္ခုဝိညာဏ် နှင့် မနောဝိညာဏ် တို့သည် အနန္တရပစ္စယောပါ။

သောတဝိညာဏ်နှင့် မနောဝိညာဏ်တို့သည် အနန္တရပစ္စယောပါ။

ဃာနဝိညာဏ်နှင့် မနောဝိညာဏ်တို့သည် အနန္တရပစ္စယောပါ။

ဇိဝှါဝိညာဏ်နှင့် မနောဝိညာဏ်တို့သည် အနန္တရပစ္စယောပါ။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော

ပုရိမာ ပုရိမာ ကုသလာဓမ္မာ

ရှေးရှေးကပြုခဲ့သော ကုသိုလ်ကံကြောင့် ယခုဘဝအကျိုးပေးပုံမှာ ဂုဏ်သရေရှိချမ်းသာသော အမိဝမ်းမှ လူဖြစ်၍ အရွယ်ရောက်သောအခါ ငွေချမ်းသာသောလူပီပီ

ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ

ကောင်းမှု ကုသိုလ်တွေပြုလုပ်သောကြောင့် ရှေးက ကုသိုလ်အကျိုးပေးနှင့်နောက် ကုသိုလ်အကျိုး

 http://www.dhammadownload.com 

ပေးတို့သည် အခြားမရှိ

အနန္တရ ပစ္စယော ဟောတိ ဖြစ်၏။

ဥပမာ -၁. ၁. ၂၀၀၁နေ့က အကျီကော်လံမှာရေမွှေး ဆွတ်၍ဘီရိုထဲ သိမ်းထားခဲ့သည်။၁. ၁. ၂၀၀၂ နေ့ မှာ ၄င်းအကျီကော်လံနေရာမှာထပ်၍ ဆွတ်သော ရေမွှေးနှင့်ပေါင်းမိ၍ ပို၍စွဲစွဲမြဲမြဲ မွှေးပါသည်။ ရှေး ကုသိုလ်နှင့် နောက်ကုသိုလ်တို့အခြားမရှိ အားဖြစ်ပုံ ဥပမာပါခင်ဗျား။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

ဥပမာ- အတိတ်ကပြုခဲ့သော အကုသိုလ်တရားကြောင့် လူဖြစ်သော်လည်း ငွေဆင်းရဲသောအမိဝမ်းမှာ လူဖြစ်၍၊ အရွယ်ရောက်သောအခါမှာလည်း ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အကုသိုလ် ကာယကံ ဝစီကံ မနောကံ တွေကို ယခုရောက်ရာ ဘဝမှာပင် အကုသိုလ်အလုပ်တွေလုပ်သောကြောင့် အကုသိုလ် အကျိုးပေးပုံမှာ အရင်အကုသိုလ်ကံ အကျိုးပေးနှင့် ယခု အကုသိုလ်အကျိုးပေးခြင်းသည် အခြားမရှိ

http://www.dhammadownload.com


ဆက်တိုက် အကူသိုလ်အကျိုးပေးကြပါသည်။ အနန္တရ ပစ္စည်း မှာ ယခုလောက်ရေးတာ တော်လောက်ပါပြီ ခင်ဗျား။

ဤတွင် အနန္တရပစ္စည်း ပြီးပါပြီ။

♦♦♦♦♦♦♦

## ၅။ သမနန္တရပစ္စယော
## (ကောင်းစွာအခြားမရှိ)

သမနန္တရပစ္စယော၊ ကောင်းစွာ အခြားမဲ့ (တစ်ဆက်တည်းအကြားမရှိ) ကျေးဇူးပြုတတ်သော တရား။

အာရုံဒွါရတိုက်သောအခါ စိတ်,စေတသိက်တို့သည် အခြားမရှိ၊ တစ်ဆက်တည်းပေါ်ပါသည်။

## အဓိပ္ပါယ်သည်

ကောင်းစွာအခြားမရှိသောဟု မိန့်ဆိုပါတယ်။
အနန္တရပစ္စည်း မှာ အခြားမရှိဟု အဓိပ္ပါယ်ကိုများစွာ ရှင်းပြခဲ့ပြီးပါပြီ။
သမနန္တရပစ္စည်းမှာ (ကောင်းစွာအခြားမရှိ)ဟု အဓိပ္ပါယ်ရပါသည်။

http://www.dhammadownload.com


အနန္တရပစ္စယောသည် အခြားမရှိ။
သမနန္တရပစ္စယောသည် ကောင်းစွာအခြားမရှိ။

## သမနန္တရပစ္စယော

ကောင်းစွာ အခြားမရှိပုံ တင်ပြပါမည်။ပေါ်လွင်အောင်တစ်ခုတင်ပြပါမည်။

ဝိပဿနာတရားအားထုတ်သော ယောဂီသည် အနိစ္စကို ဉာဏ်နှင့် မြင်အောင်ရှုမှတ်ပွားများ ပါသည်။ ဘယ်အနိစ္စလဲလို့ မေးရင် ခန္ဓာရဲ့ အနိစ္စဟုဖြေပါမည်။ ဘယ် ခန္ဓာလဲဟု မေးရင် ပစ္စုပ္ပန်ပေါ်ဆဲ ခန္ဓာဟု ဖြေပါမည်။

၎င်းပစ္စုပ္ပန်ခန္ဓာဘယ်မှာပေါ်သလဲဟု မေးရင် (၆) ဒွါရ နှင့် (၆) အာရုံတိုက်တဲ့အချိန်မှာ ခန္ဓာ(၅)ပါး အပေါ်မှာ ပေါ်ဆဲ ခန္ဓာ ဖြစ်ပါသည်ခင်ဗျာ။ ပေါ်ဆဲ အချိန်မှာစိတ်,စေတသိက်တို့သည် သမနန္တရပစ္စယော ကောင်းစွာ အခြားမဲ့ အတူပေါ်၍ အတူချုပ်ကြပါသည်။


http://www.dhammadownload.com


## စက္ခုဉ္စ ပဋိစ္စ ရူပေစဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ

| | | |
|---|---|---|
| မျက်စိနှင့်အဆင်းက | ရူပက္ခန္ဓာ | ရုပ် |
| မြင်စိတ်က | ဝိညာဏက္ခန္ဓာ | စိတ် |
| မြင်ခံစားက | ဝေဒနာက္ခန္ဓာ | |
| မြင်ဆဲမှတ်တာက | သညာက္ခန္ဓာ | စေတသိက် |
| မြင်အောင်ပြုပြင်တာက | သင်္ခါရက္ခန္ဓာ | |

မျက်စိနှင့်အဆင်းတိုက်၍ပေါ်သော
မြင်,ခန္ဓာငါးပါး

ကံကြောင့်ဖြစ်တဲ့ရုပ်   ဥတုကြောင့်ဖြစ်တဲ့ရုပ်




သင်္ခတပရမတ္ထတရား(၃)ပါး

http://www.dhammadownload.com


| ကမ္မဇရုပ် အခံဓာတ် (၆)ပါး | ဥတုဇရုပ် အတိုက်ဓာတ် (၆)ပါး | ပစ္စုပ္ပန်ဝိညာဏ် အပွင့်ဓာတ် (၆)ပါး |
|---|---|---|
| မျက်စိ အကြည် | အဆင်း | မြင် စိတ် |
| နား အကြည် | အသံ | ကြား စိတ် |
| နှာ အကြည် | အနံ့ | နံ စိတ် |
| လျှာ အကြည် | အရသာ | စား စိတ် |
| ကိုယ် အကြည် | တွေ့ထိစရာ | တွေ့ထိ စိတ် |
| မနော အကြည် | ကြံတွေးစရာ | ကြံတွေး စိတ် |
| ရုပက္ခန္ဓာ | | ဝိညာဏက္ခန္ဓာ |

မြင်ဆဲ ခန္ဓာ (၅)ပါး = သင်္ခါရ တရား

ကြားဆဲ ခန္ဓာ (၅)ပါး = သင်္ခါရ တရား

နံဆဲ ခန္ဓာ (၅)ပါး = သင်္ခါရ တရား

စားဆဲ ခန္ဓာ (၅)ပါး = သင်္ခါရ တရား

တွေ့ထိဆဲခန္ဓာ (၅)ပါး = သင်္ခါရ တရား

ကြံတွေးဆဲခန္ဓာ (၅)ပါး = သင်္ခါရ တရား

မြင်ပျက် က အနိစ္စ – ပျက်တာသိတာက မဂ္ဂ
ကြားပျက် က အနိစ္စ – ပျက်တာသိတာက မဂ္ဂ
နံ့ပျက် က အနိစ္စ – ပျက်တာသိတာက မဂ္ဂ
စားပျက် က အနိစ္စ – ပျက်တာသိတာက မဂ္ဂ
တွေ့ထိပျက် က အနိစ္စ – ပျက်တာသိတာက မဂ္ဂ
ကြံတွေးပျက်က အနိစ္စ – ပျက်တာသိတာက မဂ္ဂ

ကျွန်တော်တရားမှတ်လို့ကောင်းတာကို ရေးရရင်
ကြားစိတ် အပျက်ရှုတာရယ်
နံ့စိတ် အပျက်ရှုတာရယ်
ကာယပသာဒရုပ်မှာ တွေ့ထိသော အပျက်ရှုတာရယ်
လေသွင်းတဲ့ စိတ် အနိစ္စ ရှုတာရယ်
လေထုတ်တဲ့ စိတ် အနိစ္စ ရှုတာရယ်
ရှူလေသွင်းတော့ အေးတဲ့ အပျက်ရှုတာရယ်
ထွက်လေထုတ်တော့ နွေးတဲ့ အပျက်ရှုတာရယ်
နှာသီးဖျား ရှူလေ ထိပျက် ရှုတာရယ်
နှာသီးဖျား ထွက်လေ ထိပျက် ရှုတာရယ်
ဝင်လေထွက်လေရှုလို့ သမထဟု မထင်ပါနှင့်။

http://www.dhammadownload.com



နှာသီးဖျားက ကမ္မဇရုပ် } ရူပက္ခန္ဓာ
လေက ဥတုဇရုပ်
လေသွင်းလေထုတ်သိတာက ဝိညာဏက္ခန္ဓာ
ရှူဆဲမှာ အေးတာ၊နွေးတာ } ဝေဒနက္ခန္ဓာ
ထိတဲ့ခံစားမှုသိတာက
လေရှူ-လေထုတ်မှုပြုပြင်တာက သင်္ခါရက္ခန္ဓာ
လေဟုမှတ်မိတာက သညာက္ခန္ဓာ

ခန္ဓာ အနိစ္စကို ဉာဏ်ဖြင့် မြင်အောင်ရှုနည်းက အာရမ္မဏပစ္စယော၊ရုပ်နာမ် အနိစ္စကို ဉာဏ်နှင့်မြင်ရင် ဝိပဿနာပါခင်ဗျား။

## သမနန္တရပစ္စယော

ပေါ်လွင်အောင်ရေးချင်လို့ အထက်မှာရေးပြသော ဝိပဿနာ အခြေခံတွေ ရေးရတာပါ။

ဥပမာ-

ကျွန်တော်သည် ကြားစိတ်အပျက်ကိုဝိပဿနာ ရှုသည်ဆိုပါစို့။ ကြားဆဲခဏ၏စိတ် အပျက်ကို မမီပါဘူး။ကြားစိတ်သိတယ်ဆိုတာ မနောဝိညာဏ်ရောက်မှ သိတာပါ။ အဘယ်ကြောင့်ဆိုသော် သောတဝိညာဏ်နှင့် မနောဝိညာဏ်တို့သည် အနန္တရပစ္စယော အခြား မရှိလို့ ဘုရားဟောတာပါ။

အဲဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက

ရှေ့စိတ် ကို နောက်စိတ်က ရှုတာ ဝိပဿနာ
ရှေ့မနော ကို နောက်မနောက ရှုတာ ဝိပဿနာ
ရှေ့အသေကို နောက်အနေနှင့် ရှုတာ ဝိပဿနာ
(၁)စိတ် ကို (၂) စိတ်က ရှုတာ ဝိပဿနာ

ပထမဝိပဿနာရှုသောယောဂီသည် ကြားစိတ်ပေါ်လိုက်၊ နံ့စိတ်ပေါ်လိုက်၊ ထိစိတ်ပေါ်လိုက်နှင့် အရှုခံ ပေါ်တဲ့စိတ်၏ အပျက်ကိုရှုပါတယ်။

ပထမရှုစမှာ အရှုခံစိတ်ကို ရှုဉာဏ်က ကျဲကျဲ မြင်ပါသည်။ ရှုအားကောင်းလာတော့ ရှုဉာဏ်က နဲနဲ ပို၍ စိပ်လာတာကို ဉာဏ်ကမြင်ပါသည်။

ရှုဉာဏ်ကပို၍စိပ်လာသောအခါ အရှုခံ အပျက်၏ လက္ခဏာနှင့် ရှုဉာဏ်မှာ အံဝင်ခွင်ကျ ဖြစ်နေတာကို ဝိပဿနုပက္ခာဉာဏ်ဖြစ်နေပါသည်။

အရှုခံကို ဥပက္ခာပြုသောဉာဏ် ယခုဉာဏ် ထက်ပိုရင့်တာကိုသင်္ခါရုပက္ခာဉာဏ် ဟု ခေါ်ပါသည်။ အရှုခံသင်္ခါရတရားကို ဥပက္ခာပြု၍ ရှုနေသောဉာဏ် ဖြစ်ပါသည်ခင်ဗျား။

အထက်ပါအားလုံး ဝိပဿနာမဂ်ဉာဏ်ဟု ခေါ်ပါသေးတယ်။ ရှုဉာဏ်ပို၍ကောင်းစွာစိပ်သော

http://www.dhammadownload.com


ကြောင့် ဝိပဿနုပက္ခာညာဏ်= သင်္ခါရုပေက္ခာညာဏ် တို့သည် ရှပ်နှာမ်၏ အပျက်နှင့် ညာဏ်မင်္ဂတို့သည် ပို၍ ကောင်းစွာ အခြားမရှိသောကြောင့် (သမနန္တရ ပစ္စယော)ဟု တင်ပြပါသည်။

ဤတွင် သမနန္တရပစ္စည်း ပြီးပါပြီ။

♦ ♦ ♦ ♦ ♦ ♦ ♦

## ၆။ သဟဇာတပစ္စယော

သဟဇာတပစ္စယော၊ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

(အတူတကွကျေးဇူးပြုပုံ)

စတ္တာရော ခန္ဓာ၊ အရူပိနော၊ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

နာမ်ခန္ဓာ(၄)ပါးတို့သည်၊ အညမညံအချင်းချင်း၊ သဟဇာတပစ္စယေန အတူတကွဖြစ်ပေါ်ဖြစ်ဖက် အထောက်အပံ့အားဖြင့်၊ ကျေးဇူးပြုတတ်သော၊ သဟ ဇာတပစ္စယသတ္တိဖြင့်၊ ဥပကာရကော ကျေးဇူးပြုသည် ဟောတုဖြစ်၏။ စတ္တာရောခန္ဓာ ဆိုတာ နာမ်ခန္ဓာ (၄)ပါးကို ဆိုလိုတာပါ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ၄င်းနာမ်ခန္ဓာ(၄)ပါးတို့သည် အတူတကွ

ပေါ်၍ အတူတကွပျက်ကြပါသည်။ ပေါ်ပုံနှင့် ပျက်ပုံ တင်ပြပါမည်။ ကြားစိတ်ပေါ်သည်ဆိုပါတော့ -

(၁) ကြားစိတ်က ဝိညာဏက္ခန္ဓာ
(၂) ကြားဆဲခံစားတာက ဝေဒနက္ခန္ဓာ
(၃) ကြားတာကိုမှတ်တာက သညာက္ခန္ဓာ
(၄) ကြားအောင်ပြုပြင်တာက သင်္ခါရက္ခန္ဓာ

ခန္ဓာ(၅)ပါးထဲက - နာမ်ခန္ဓာ(၄)ပါးတို့သည် သဟဇာတ၊ အတူတကွဖြစ်ပုံ၊ အညမည် =တစ်ခုနှင့် တစ်ခုအပြန်အလှန်ကျေးဇူးပြုပုံ စိတ်ဟုခေါ်သော ဝိညာဏက္ခန္ဓာ မပါဘဲနဲ့ ဝေဒနာပေါ်လို့မရပါ။

ဝေဒနာ မပါဘဲနဲ့ စိတ်တစ်ခုထဲ သီးသန့် ပေါ်လို့ မရပါခင်ဗျား။

ဝေဒနာ ဟုမှတ်တာက သညာ
ခံစားမှုကိုပြုပြင်တာက သင်္ခါရ

နာမ်ခန္ဓာ (၄)ပါးသည် တစ်ဦးကို တစ်ဦး မှီနေသော နာမ် တရားဖြစ်ပါသည်။ တစ်ဦး နှင့်တစ်ဦး သဟဇာတအတူတကွဖြစ်၍ အတူတကွပျက်တတ် သောတရားပါခင်ဗျား။

သဟဇာတပစ္စည်းကိုပို၍ ရှင်းအောင်သိလိုလျှင် အာရမ္မဏပစ္စည်းနှင့် ယှဉ်၍ကြည့်ရှုမှတ်သားပါ ခင်ဗျား။

http://www.dhammadownload.com


စတ္တာရော၊ မဟာဘူတာ၊ အညမည သဟဇာတ ပစ္စယေန၊ ပစ္စယော ဟောတိဖြစ်၏။

ဓါတ်ကြီးလေးပါး (ဝါ) မဟာဘုတ်(၄)ပါးသည် အစိပ္ပါယ်မှာ အတူတူပါပဲ။ မဟာဘုတ် (၄)ပါးသည်

ပထဝီ = မာမှု - ပျော့မှု

တေဇော= အေးမှု - ပူမှု

အာပေါ = ဖွဲ့စည်းမှု

ဝါယော = လေ - ထောက်ကန် ဝါယော။

ဥပမာ - ဥတုဇရုပ် သစ်သားစ အပိုင်းအစတစ်ခု မှာ ဘယ်လောက်သေးသေး၊ ဘယ်လောက်ကြီးကြီး၊ ဓာတ်ကြီး(၄)ပါးပေါင်းစုထားတာပါခင်ဗျား။

သစ်သားစတစ်ခုမှာ (၁) မာမှု ပျော့မှု၊ (၂) ပူမှု အေးမှု၊ (၃) ဖွဲ့စည်းမှု၊ (၄) လေဓာတ်တို့ ဖြစ်ပါသည်။ (၄)မျိုးပေါင်းစည်း၍ အညမည = သဟဇာတအတူ တကွ ဓာတ်ပြုနေပါသည်။ ခုတင်၊ ကုလားထိုင်၊ တန်းလျား ဟုဆိုသော ဥတုဇရုပ်တို့သည် ဓာတ်(၄)ပါး ပေါင်းနေသောဓာတ်ပစ္စည်း ဖြစ်ပါသည်။

ကမ္မဇရုပ်နှင့် ဥတုဇရုပ်တို့ရှိကြသော သက်ရှိ သတ္တဝါ များမှာ ဓာတ်ကြီး(၄)ပါးသည် ဘယ်ဓာတ်မှ ခွဲမရဘဲ ရှိပါသည်။

နိဗ္ဗာန်ရောက်ကြောင်းတရား အပါယ်(၄)ပါး ပိတ်ကြောင်းဖြစ်သောတရား။ ဝိပဿနာပွားများသော မဂ္ဂင်(၅) ပါးသည်။ ပညာမဂ္ဂင်(၂)ပါးနှင့် သမာဓိမဂ္ဂင်(၃)ပါးတို့သည် ရှုပွားချိန်မှာ သဟဇာတ ပစ္စည်းဖြစ်ပါသည်ခင်ဗျား။ ဖြစ်ပုံမှာ - သမာဓိမဂ္ဂင် (၃)ပါးမပါဘဲနှင့် ဖြစ်ပျက်ကို မြင်လို့မရပါ။ ပညာမဂ္ဂင် (၂)ပါးထဲနှင့်လည်းဝိပဿနာဉာဏ်မဖြစ်နိုင်ပါ။မိုးကုတ်ဆရာတော်ဘုရားကြီးတရားနာပြီး သက်ပွအားကြီးလို့ ရတဲ့ သမ္မာဒိဋ္ဌိ ကလည်း အနုမာနဉာဏ်ပါခင်ဗျား။

ကိုယ်တိုင်အားထုတ်တာက ပစ္စက္ခဉာဏ်ပါ။ အနုမာနဉာဏ်နှင့်ပစ္စက္ခဉာဏ်(၂)ခု ပြည့်စုံမှသာ ဝိပဿနာဉာဏ်ဖြစ်ပါသည်ခင်ဗျား။ ဝိပဿနာအားထုတ်ချိန်မှာ ပညာမဂ္ဂင်(၂)ပါးနှင့် သမာဓိမဂ္ဂင် (၃)ပါးတို့သည်သဟဇာတပစ္စယသတ္တိ နှင့် သမာဓိမဂ္ဂင်(၃)ပါးနှင့် ပညာမဂ္ဂင် (၂)ပါးတွဲပြီးအလုပ်လုပ်နေပါသည်။ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်တို့သည် အနန္တရပစ္စယော။ သမနန္တရပစ္စယော ယောတိဖြစ်၍ အံဝင်ခွင်ကျဖြစ်နေတာက သဟဇာတပစ္စယောပါခင်ဗျား။

ဤတွင် သဟဇာတပစ္စည်း ပြီးပါပြီ။

♦ ♦ ♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ၇။ အညမညပစ္စယော
## (အပြန်အလှန်ကျေးဇူးပြုပုံ)

အညမညပစ္စယော၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား။

စတ္တာရော(၄)ပါးကုန်သော၊ အရူပိနော၊ နာမ်ခန္ဓာဖြစ်ကုန်သော၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့သည် အညမည ပစ္စယေန အချင်းချင်းအထောက်အပံ့ဖြစ်ကြပါသည်။ အညမညပစ္စယသတ္တိ ဖြင့် ပစ္စယော၊ ဥပကာရကော ကျေးဇူးပြုတတ်သည်၊ ဟောတိ ဖြစ်၏။

၁။ ခံစားမှု - ခံစားမှုသိတာသည် ဝိညာဏက္ခန္ဓာ။
၂။ ခံစားမှု - ခံစားမှုသည် ဝေဒနက္ခန္ဓာ။
၃။ ဝေဒနာဟု မှတ်တာက သညာက္ခန္ဓာ။
၄။ ခံစားစိတ်ဟု သိအောင်က သင်္ခါရက္ခန္ဓာ။

အဲဒါကြော င့် နာမ်ခန္ဓာ(၄)ပါးသည် အညမည အပြန်အလှန် တစ်ခုကိုတစ်ခု ကျေးဇူးပြုနေတာပါ ခင်ဗျား။ ရုပ် နှင့် နာမ် (၂)ခုကလည်း တစ်ခုကိုတစ်ခု အညမညအပြန်အလှန်ကျေးဇူးပြုပုံမှာ ရုပ်ကလည်း နာမ် မပါဘဲရပ်တည်လို့မရပါဘူး။ နာမ် ကလည်း

ကိုမှီတွယ်နေရတာပါ။ ရုပ်ကလည်း ဓာတ် (၄)ပါး ညီမျှမှ ရပ်တည်နေရသော (၄)ချောင်းထောက် ဥပမာပါ။ ညီမျှစွာ ထောက်ကန်ထားမှ ရပ်တည်လို့ ရတဲ့သဘောပါ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီး (၄)ပါးက ညီမျှနေလို့ အညမညသတ္တိ ဖြစ်နေ လို့ ရုပ်မှာလည်းနာမ်နှင့်အတူ အပြန်အလှန် ကျေးဇူးပြုပုံ တစ်နည်း အညမညပစ္စယောဖြစ်နေတာပါခင်ဗျား။

ဤတွင် အညမညပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

## ၈။ နိဿယပစ္စယော
## (မှီ၍ဖြစ်ပုံ)

နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ် သောတရား။

စတ္တာရော ခန္ဓာ အရူပိနော အညမည် နိဿယ ပစ္စယေန ပစ္စယော ဟောတိ။

စက္ခုဝိညာဏ် သည် စက္ခု ပသာဒရုပ် ကို အဆင်းက မှီ၍ ဖြစ်သလို သောတ၊ဃာန၊ဇိဝှါ၊ ကာယ၊ မန တို့ကို အာရုံ ဖဿကမှီ၍ စိတ်ဖြစ်ကြပါသည်။

## မြန်မာလိုပြန်ရလျှင်

၁။ မျက်စိအကြည် ကမ္မဇရုပ်ကို အဆင်းကမှီ၍ မြင်စိတ် ပေါ်ရပါသည်။

၂။ နားကို အသံကမှီ၍ ကြားစိတ်ဖြစ်ပါသည်။

၃။ နှာကို အနံ့ကမှီ၍ နံစိတ်ဖြစ်ပါသည်။

၄။ လျှာကို စားစရာကမှီ၍ စားစိတ်ဖြစ်ပါသည်။

၅။ ကိုယ်အကြည်ကို တွေ့ထိမှုကမှီ၍ ထိသိစိတ် ဖြစ်ပါသည်။

၆။ မနောအကြည်ကို ကြံတွေးမှုကမှီ၍ ကြံတွေး စိတ် ဖြစ်ပါသည်။

စက္ခာယတနံ–စက္ခုပသာဒရုပ်မျက်စိအကြည်ကို၊ စက္ခုဝိညာဏဓာတုယာ -မြင်စိတ် စက္ခုဝိညာဏဓာတ်အား လည်းကောင်း၊ တံသမ္ပယုတ္တကာနံ-ထို စက္ခုဝိညာဏ ဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ– စေတသိက်တရား တို့အားလည်းကောင်း၊နိဿယပစ္စယော-မှီရာတည်ရာ နိဿယပစ္စယ သတ္တိဖြင့်၊ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ မဟာဘူတာ၊ မဟာဘုတ်ရုပ် (၄)ပါးတို့သည်၊ ဥပါဒါရူပါနံ–ဥပဒါရုပ် တို့အား၊ နိဿယပစ္စယေန - မှီရာ တည်ရာ နိဿယ ပစ္စယသတ္တိ ဖြင့် ပစ္စယောဥပကာရကော၊ ကျေးဇူးပြု

http://www.dhammadownload.com


တတ်သည့် ယောဂီ ဖြစ်၏။

ပေါ့လွင့်အောင်ပြုရလျှင် လှုပ်ရှားသော ဥပါဒါရုပ်ကို မှီ၍ လူ၏ခန္ဓာကိုယ်ကြွက်သားကမာတယ်၊ ပျော့တယ်၊ ပထဝီသတ္တိပါခင်ဗျား။ လူ့ခန္ဓာကိုယ်က ပူတယ်၊ အေးတယ်၊ တေဇောသတ္တိပါခင်ဗျား။ လူ့ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်က အာပေါသတ္တိပါခင်ဗျား။ စိတ္တဇ ဝါယောရုပ် လှုပ်ချင်သောစိတ်ပေါ်၍ လှုပ်လာသော ခန္ဓာသည် လှုပ်လာတာက ဝါယောသတ္တိပါခင်ဗျား။

ကံ၊ စိတ်၊ ဥတု၊ အာဟာရကို မှီ ၍ရပ်တည် နေရသော ရုပ်ခန္ဓာကြီးမှာ ဓာတ်သဘောနှင့်ရှိနေတာ က ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့သည် အချင်းချင်းမှီ၍ ဖြစ်နေကြသော နိဿယပစ္စယသတ္တိ ပါခင်ဗျား။

သစ်ပင်များသည် မြေကိုမှီ၍ ကြီးထွားရတာ သည် နိဿယပစ္စယသတ္တိ ပါခင်ဗျား။

ကျွန်တော်တို့ မိုးကုတ်ယောဂီများသည် မိုးကုတ် ဆရာတော်ဟောထားသော ညာဏ်ကိုမှီ၍ တရားသိ ကြရတာသည် နိဿယပစ္စယသတ္တိ ပါခင်ဗျား။

အဲဒါဆရာတော်ဟောလို့သိတာသည် အနု ဗောဓဉာဏ်၊ ကိုယ်တိုင်အားထုတ်တာက ပဋိဝေဓ

ဉာဏ်။ဆရာတော်ဟောသောတရားကို နာပြီးသိတာ လောက်နှင့်မတင်းတိမ်သင့်ပုံ၊ ဟောတရားနာသိတာ က အနုမာနဉာဏ်ပါ။ အနုမာနဉာဏ်နှင့်သိ၍ ကိုယ်တိုင်ပွားများတာက ပဋိဝေဓဉာဏ်ဖြစ်ပါသည်။

တန်ဖိုးရှိလွန်းလို့ ကြဲ့တုန်း ထည့်ရေးတာပါ ခင်ဗျား။

ဤတွင် နိဿယပစ္စည်း ပြီးပါပြီ။

♦♦♦♦♦♦♦

## ၉။ ဥပနိဿယပစ္စယော
## (အားကြီးသောအကြောင်း)

ဥပနိဿယပစ္စယော၊ အားကြီးသော မှီရာ ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

ပုရိမာ၊ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော ယောတိ။

ပုရိမာ –ရှေးကပြုခဲ့သော ကုသိုလ်တရားတို့ သည် ပစ္ဆိမာနံ နောက်ဖြစ်သော ကုသိုလ်တရားတို့အား ဥပနိဿယ ပစ္စယေနအားကြီးသော အထောက်အပံ့

http://www.dhammadownload.com

ပဋိရူပဒေသဝါသောဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

ပုရိမာ ကုသလာဓမ္မာ-ရှေးကပြုခဲ့သောကုသိုလ်နှင့် ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံယခုပြု သော ကုသိုလ်အားနှစ်ခုသည် ဥပနိဿယပစ္စယော ဟောတိဟုအားကြီးသော အကြောင်းကြောင့် ဥပကာ ရကော ကျေးဇူးပြုတတ်သည် ဟောတိ ဖြစ်၏။ဥပနိဿယတရားသည် အလွန်ကျယ်ဝန်းလှပါတယ်။

ကျွန်တော်တို့သည် မိုးကုတ်ဆရာတော်ဘုရားကြီး၏တရား၊ မဟာစည်ဆရာတော်ဘုရားကြီး၏တရား၊ အခြားဝိပဿနာရိပ်သာဆရာတော်ဘုရားများ၏တရားများနှင့်တွေ့ရပါသည်။ ပုရိမာ ပုရိမာရှေးဘဝက၊ သံဃာတရားများနှင့် မကင်းကွာခဲ့လို့ ပစ္ဆိမာနံ ပစ္ဆိမာနံယခုဘဝမှာ ဆရာတော်ဘုရားကြီးများ၏သစ္စာ၊ ဓမ္မတရားများနှင့် တွေ့ရခြင်းသည် အားကြီးသော ဥပနိဿယ ပစ္စယော ဟောတိပါ ခင်ဗျား။ ထင်လွယ် မြင်လွယ်အောင် တင်ပြရသော် မကွေးခရိုင်မြင်ကွန်းဆိုသောမြို့၏တောင်ဘက် ဘုရားကုန်းရွာမှာမွေး၍ ကိုရင်မှ ရဟန်းဝတ်၍ ယခု ရန်ကုန်မြို့သရက်တောကျောင်းတိုက်၊ ဂန္ဓာရုံကျောင်း မြင်ကွန်း

ဆရာတော် ဦးဣန္ဒက အရှင်သူမြတ်သည် ဆရာတော် ပိုင်သော သင်္ကန်း၊ စောင်၊ ခြင်ထောင်၊ မုန့်ပုံးများနှင့် အမျိုးအမည်များပြားလှသော ဝတ္ထု ပစ္စည်းများကို နှစ်စဉ်မွေးနေ့အလှူ ကျရောက်တိုင်း ပင့်သံဃာတော် များအား နှစ်စဉ်နှစ်တိုင်းအကုန် လှူဒါန်းလိုက်ပါ သည်။

အဲဒါ ပုရိမာ ပုရိမာ ကုသလာနံ ဓမ္မာနံရှေးဘဝ က ကုသိုလ် အားကောင်းသောကြောင့် တောရွာ ဇနပုဒ်မှာ မွေးသော်လည်း၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ရှေးဘဝကပြုခဲ့သော ကုသိုလ်အားကြောင့် ရန်ကုန်မြို့တော်ကြီးမှာ ကျောင်းထိုင်ဆရာတော်ဘဝ နှင့်ခံစားရပါသည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ၊ ဓမ္မာနံ အားကြီးသော ကုသိုလ်ကောင်းမှုအကြောင်း ကြောင့်မည်မျှလောက်ကုန်အောင်လှူသော်လည်း၊ ဆ ထက်ထမ်းပိုး အကျိုးပေးပုံက ပေး၍မကုန်လှူ၍မခန်း အကျိုးပေးသန်ပါသည်။ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိ မာနံ ကုသလာနံ ဓမ္မာနံ၊ အားကောင်းသောကြောင့် ဥပနိဿယပစ္စယော ဟောတိပါခင်ဗျာ။

ပဋ္ဌာန်းတရား၏ ဥပနိဿယ ပစ္စယောမှာ ရှေ့ဘဝကပြုခဲ့သော ကုသိုလ်ကံအားနှင့် ယခုဘဝမှာ

http://www.dhammadownload.com


မြူသော ကုသိုလ်ကံ အားနှစ်ခုပေါင်းမိ၍ အားကြီးသော အစိပ္ပါယ် ဖြစ်ပုံဖေါ်ပြတာပါခင်ဗျား။ ကျွန်တော်မှာ အာရုံကြောညပ်ရောဂါကြောင့် ရန်ကုန်မြို့သို့ ဆေးကုသောအခါ သရက်တောကျောင်းတိုက် မြင်ကွန်းဆရာတော်ကျောင်းမှာ တည်းခိုရပါသည်။ တစ်ခါသွားလျှင် (၃)လ (၄) လကြာတာမျိုး (၃)ခါ (၄) ခါမျိုးတည်းခဲ့၍ ဆရာတော်၏ လှူဒါန်းမှုကို ကျွန်တော်ကိုယ်တိုင်မြင်ဖူး၍ ဥပနိဿယပစ္စယော နှင့် ကိုက်ညီပုံရေးရတာပါခင်ဗျာ။ ကျွန်တော်တို့ မိုးကုတ်ယောဂီများသည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း တရားနာ၊ တရားအားထုတ်ကြပါသည်။ ကျွန်တော်ထုတ်ဝေသော စာအုပ်များ၏ မျက်နှာအဖုံး၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း ဟုပုံနှိပ်ခဲ့ပါသည်။ ဥပနိဿယပစ္စယော ဟု ပဋ္ဌာန်းပါဠိတော်မြန်မာပြန်သည် (အားကြီးသောမှီရာ)ပါခင်ဗျား။

၁။ ရှင်သာရိပုတ္တရာ တရားထူးရတာသည် ရှင်အဿဇိ၏ ဥပနိဿယ အားကြီးသော မှီရာပါခင်ဗျား။

၂။ ရှင်အာနန္ဒာ တရားထူးရတာသည် ရှင်ပုဏ္ဏ၏ ဥပနိဿယအားကြီးသောမှီရာပါခင်ဗျား။

http://www.dhammadownload.com



၃။ ရှင်ဆန္န တရားထူးရတာသည် အာနန္ဒာ ၏ ဥပနိဿယအားကြီးသောမှီရာပါခင်များ။

၄။ ရှင်မောဂ္ဂလာန် တရားထူးရတာသည် ရှင်သာရိပုတ္တရာ ၏ ဥပနိဿယအားကြီးသော မှီရာပါခင်များ။

ဤတွင် ဥပနိဿယပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

## ၁၀။ ပုရေဇာတပစ္စယော

## (ရှေ့ဖြစ်ပစ္စည်း)

ပုရေဇာတပစ္စယော၊ ရှေ့၌ဖြစ်နှင့်၍ကျေးဇူးပြု တတ်သောတရား။

◆◆◆◆◆◆◆

## ၁၁။ ပစ္ဆာဇာတပစ္စယော

## (နောက်ဖြစ်ပစ္စည်း)

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ကျေးဇူးပြု တတ်သောတရား။

ပုရေဇာတ ပစ္စယော နှင့် ပစ္ဆာဇာတပစ္စယော
(၂) ပစ္စည်းတွဲရေးမှသာ အဓိပ္ပါယ်ပေါ်လွင်မှာပါ။

ပုရေဇာတပစ္စယော

ရှေ့အရင်ဖြစ်သောတရား။

ကမ္မဇရုပ်နှင့် ဥတုဇရုပ် နှစ်မျိုးပေါင်းဆုံလို့ ဝေဒနာ၊ သညာ၊ သင်္ခါရ ဟုဆိုသော စေတသိက် (၃)ပါးနှင့်အတူတကွ စိတ်ပါပေါင်းသော် နာမ်ခန္ဓာ(၄) ပါး ဖြစ်ကြပါသည်။ စိတ်နှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရ စေတသိက် တရား(၃)ပါးက နာမက္ခန္ဓာ(၄)ပါး ပါခင်ဗျား။

ကမ္မဇရုပ်နှင့် ဥတုဇရုပ်က ရူပက္ခန္ဓာပါခင်ဗျား။

ကမ္မဇရုပ် နှင့် ဥတုဇရုပ်(၂)ခု ပေါင်းဆုံလို့ ခန္ဓာ(၅)ပါး ဖြစ်ပါသည်။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊စားဆဲ၊ တွေ့ထိဆဲ ပဋ္ဌာန္ဒါရမှာပေါ်သော ခန္ဓာ(၅)ပါးသည် ကုသိုလ်စိတ်လည်း မဖြစ်သေးပါ။ အကုသိုလ်စိတ် လည်း မဖြစ်သေးပါခင်ဗျား။ ပါဠိလို အဓိပ္ပါယ်မှာ အဗျာကတ တစ်နည်း ဝိပါက် ရုပ်နာမ် တစ်နည်း ပုရေဇာတပစ္စည်းဖြစ်ပါသည်။ ရှေးဆရာတော်ကြီးများ ဆိုရိုးစကားရှိပါသည်။ ဝိပါက်အမှန် ဇောအပြန် ဆိုသော အဓိပ္ပါယ်နားလည်ဖို့လိုပါသည်။

F
5
A

မြင်ဆဲခဏ ဝိပါက် ရုပ်နာမ်သည် ကုသိုလ် အကုသိုလ် မဖြစ်သေးပါခင်ဗျာ။ ပဉ္စဒွါရမှာပေါ်သော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်တို့သည်ကုသိုလ်အကုသိုလ်မဖြစ်သေးပါ။ မနောမရောက်သေးသောအချိန်မှာအဗျာကတတရားဟုခေါ်ပါသည်။ ယခုဖော်ပြပါတရားများသည် ပုရေဇာတပစ္စယော ဖြစ်ပါသည်။

ဝိပါက်အမှန်ဆိုသည်မှာ အာရုံဒွါရတိုက်၍ ဦးစွာ ပထမပေါ်သော ရုပ်နာမ်တရားပါခင်ဗျား။

တစ်နည်းပြောရလျှင် ပုရေဇာတပစ္စည်းပါ ခင်ဗျား။ ရှေ့စိတ်ချုပ်ပြီးမှ မနောမှာပေါ်သော နောက်စိတ်ပေါ်တာသည် ဇောစိတ်ဖြစ်ပါသည်ခင်ဗျာ။ ရှေ့စိတ်ချုပ်ပြီးမှ မနောမှာပေါ်သော နောက်စိတ်သည် ဇောစိတ် ဖြစ်ပါသည်။ အဲဒါကြောင့် ဇောအပြန်ဟု ပြောတာပါ။ အဲဒီဇောစိတ်ကို ပစ္ဆာဇာတပစ္စယောဟု ခေါ်ပါသည်ခင်ဗျာ။

ဝိပါက် အမှန် ဇောအပြန်ဆိုသော၊ ဆောင်ပုဒ်ကို ပေါ်လွင်အောင် ရှင်းပြပါမည်။မြင်ဆဲ ခဏ၊ ကြားဆဲခဏ၊နံဆဲခဏ၊ စားဆဲခဏတို့တွင် အဗျာကတရုပ်နာမ် ဖြစ်၍ ကုသိုလ်၊အကုသိုလ်ကဲ မမြောက်သေးသော

http://www.dhammadownload.com


ရှေ့ဖြစ် ပုရေဇာတပစ္စည်းဖြစ်ပါသည်။ ရှေ့စိတ်တာ အကြောင်းပြု၍ မနောမှာပေါ်သော နောက်စိတ်တွင် ပစ္ဆာဇာတပစ္စည်း အဖြစ်နှင့်ကောင်းကျိုးဆိုးပြစ်ဝေဖန်၍ ကုသိုလ် အကုသိုလ်ဖြစ်ရတာပါ။

ပဋ္ဌာန်ရှိ ပုရေဇာတပစ္စယော ဖြစ်ပုံကို ပုံသဏ္ဍာန်နှင့် တင်ပြပြီး၍ ပဋ္ဌာန်းပါဠိတော်နှင့် တင်ပြပါသည်။

စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

မျက်စိအကြည်နှင့် မြင်စိတ်ဟု ဆိုအပ်သော တရား တို့သည်

တံသမ္ပယုတ္တကာနဉ္စ ဓမ္မနံ – စိတ် စေတသိက် (၇)ပါးနှင့် ယှဉ်၍ ပုရေဇာတပစ္စယောဟု ရှေ့ဖြစ် ပစ္စည်း များဖြစ်ကြပါသည်။

အတိုချုံ့ပြောရလျှင် –

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိ စိတ် တို့သည် ရှေ့ဖြစ်ပစ္စည်းများဖြစ်ကြပါသည်။

မနောမှာ ပေါ်သော စိတ် ကကောင်းတာသိတဲ့ စိတ်၊ မကောင်းတာသိတဲ့စိတ်တို့ကို ပစ္ဆာဇာတပစ္စည်း

http://www.dhammadownload.com


ဟုခေါ်ပါသည်ခင်ဗျား။ ဥပမာပြရလျှင် မော်တော်ကား တစ်စင်းကို မြင်တော့ နှစ်သက်တယ်ဆိုပါစို့ -

မော်တော်ကားအဆင်းကိုမြင်တာက ရှေ့ဖြစ် စိတ် ဖြစ် သောကြောင့်ပုရေဇာတပစ္စည်းပါခင်ဗျား။

လှုပသော ကား၏ ခံစားမှု ဝေဒနာနှင့်စိတ်က နောက်ဖြစ် ပစ္စည်းသည် မနော မှာ ပေါ်သောကြောင့် ပစ္ဆာဇာတပစ္စည်းဟု ခေါ်ပါသည်။

ရှေ့စိတ်ချုပ်ပြီးမှနောက်မှ ပေါ်သောစိတ်သည် ဇောစိတ်ဟု ခေါ်ပါသည်။ ပဋ္ဌာန်းတရားလိုဆိုလျှင် ပစ္ဆာဇာတပစ္စည်းဟု ခေါ်ပါသည်။

မနောမှာပေါ်သောစိတ်ဖြစ်၍ ကောင်းတာ လည်း သိတယ်။ မကောင်းတာလည်း သိတယ်။ ကောင်းတာ၊ မကောင်းတာ ခံစားတာက ဝေဒနက္ခန္ဓာ၊ စေတသိက်တရားပါ။ ဝေဒနာ တစ်မျိုးတည်းနှင့် ခံစား လို့မရပါဘူး။စိတ်နှင့်တွဲမှသာလျှင် ခံစား၍ကောင်းတာ သိတဲ့ စိတ်၊ မကောင်းတာသိတဲ့စိတ်ဟုသိပါသည် ခင်ဗျား။

ခံစားတာက ဝေဒနက္ခန္ဓာ = စေတသိက်တရားပါ

သိတာက ဝိညာဏက္ခန္ဓာ= စိတ်တရားပါ။

ကောင်းတာ၊ မကောင်းတာ ရွေးချယ်တာက

http://www.dhammadownload.com



သင်္ခါရက္ခန္ဓာသည် စေတသိက်တရားပါဝင်ဗျား။ ကောင်းတာနှင့် မကောင်းတာဟု မှတ်တာက သညာက္ခန္ဓာ၊ စေတသိက်တရားများသည် မနောမှာ ပေါ်သော နောက်ဖြစ်ပစ္စည်းဖြစ်၍ ပစ္ဆာဇာတ ပစ္စယော ဟောတိပါဝင်ဗျာ။

ပဉ္စဒွါရမှာပေါ်သော ရုပ်နာမ်သည် ပုရေဇာတ ပစ္စယော ဟောတိ ဖြစ်ပါသည်။

ပဉ္စဒွါရက အကြောင်းပြု၍မနောမှာပေါ်သော နာမ်ခန္ဓာ(၄)ပါးသည် ပစ္ဆာဇာတပစ္စယောဖြစ်ပါသည်။

ဤတွင် ပုရေဇာတပစ္စည်း နှင့်

ပစ္ဆာဇာတပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

## ၁၂။ အာသေဝနပစ္စယော

## (အဖန်တလဲလဲ ထုံအပ်သော )

အာသေဝနပစ္စယော၊အဖန်တလဲလဲ မှီဝဲထုံ အပ်၍ကျေးဇူးပြု တတ်သောတရား။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော၊ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ

ပစ္ဆိမာနံ၊ နောက် နောက်၌ ဖြစ်ကုန်သော၊ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား၊ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော ကျေးဇူးပြုတတ်သည် ယောတိ ဖြစ်၏။

ဥပမာ -

ယခင်တစ်နှစ်က အဝတ်ပေါ်ဆွတ်ထားသော "နံ့သာ" သည် နောက်တစ်နှစ်ကြာမှထပ်၍ ဤအဝတ်ပေါ် "နံ့သာ"ဆွတ်ခဲ့သော် "နံ့သာ" အား ပို၍ကောင်းသလိုပါပဲခင်ဗျား။

ကုသိုလ်ကံအဟောင်းရှိသူသည် ယခုဘဝ ထပ်ပြုသော ကုသိုလ်နှင့်ပေါင်းသော် အားကြီးပုံ၊အကျိုးပေးသန်ပုံ၊ ဇောတနာထက်သန်၍ ကုသိုလ်ကံ အကျိုးပေး ပထမဈာန် အဖြစ် ယခုဘဝအကျိုးပေးသန်ပါသည်။

အကုသိုလ်လုပ်လျှင် အကုသိုလ်ကံဟောင်း၊ အာသေဝနသတ္တိနှင့် ယခုဘဝ အကျိုးပေးပုံ။

ဝိပဿနာတရားကို အစပထမအားထုတ်တာနဲ့ နောက်ထပ်၍ အဖန်တလဲလဲ အားထုတ်လျှင် အာသေဝနပစ္စယေန ပစ္စယောသတ္တိဖြင့် ဖြစ်ပျက်အမြင်သန်သည် ယောတိဖြစ်၏။

ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းတရားတော်များကိုမိုးကုတ်ဆရာတော်ဘုရားကြီး တို့လို ဆရာကောင်းထံမှ အဖန်တလဲလဲနာသောအခါ တစ်ခါတရားနာတာနှင့်၊ နောက်တစ်ခါ တရားနာတာ မတူသလို၊ နာပါများရင် ဉာဏ်ရင့်လာပြီး အနုဗောဓ ဉာဏ်တွေတိုးလာပြီး၊ ကိလေသာငြိမ်းသောဝိပဿနာ တရားကို အားမထုတ်ပဲ မနေနိုင်လောက်သည့်အဆင့် ထိ ရောက်တာသည် အာသေဝနပစ္စယောဟုဆိုအပ် သော အဖန်တလဲလဲ ထုံအပ်သော သတ္တိပါ ခင်ဗျား။

နူးညံ့ပျော့ပျောင်းစွာပြောလေ့ရှိသော ပုဂ္ဂိုလ် တစ်ဦးသည် အဖန်တလဲလဲ ထုံအပ်သော ညင်သာစွာ ပြောသော အလေ့အကျင့်ကောင်းသည် အာသေဝန ပစ္စယသတ္တိပါ ခင်ဗျား။

ကြမ်းတမ်းစွာ ပြောလေ့ရှိသော ပုဂ္ဂိုလ်တစ်ဦး သည် အဖန်တလဲလဲ ထုံအပ်သော မာကျော၍တင်းမာ စွာ ပြောသော အလေ့အကျင့်ရှိသူသည် အာသေဝန ပစ္စယသတ္တိပါခင်ဗျား။

ဘဝကံအကျိုးပေးသော "ရုပ်"တရားကို ပြုပြင် ၍မရပါခင်ဗျား။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စိတ်ကောင်းဖြစ်အောင် ပြုပြင်လို့ရပါသည်။ ကြမ်းတမ်း

သော စိတ်ပိုင်ရှင် ဟိသကဆိုသော လူကြမ်းကြီးသည် ဘုရားတရားတော်နှင့်တွေ့လို့ မွန်မြတ်သော စိတ်ထား ပိုင်ရှင်အင်္ဂုလိမာလ ရဟန္တာ အရှင်မြတ်ကြီးဖြစ်၍၊ အရိယာစိတ်ပြောင်းတာပါခင်ဗျား။

ဤတွင် အာသေဝနပစ္စည်း ပြီးပါပြီ။

◆ ◆ ◆ ◆ ◆ ◆ ◆

## ၁၃။ ကမ္မပစ္စယော
## (ကုသိုလ်၊ အကုသိုလ်သတ္တိ)

ကမ္မပစ္စယော၊ ခန္ဓာရစေရန်မျိုးစေ့သဖွယ် ကျေးဇူးပြုတတ်သောတရား။

ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။

ကုသလာ ကုသလံ ၊ ကုသိုလ်၊ အကုသိုလ် ဖြစ်သော၊ ကမ္မံ၊ နာ နာက္ခဏိက၊ စေတနာကံ သည်၊ ဝိပါကာနံ ၊ အကျိုး ဝိပါက် ဖြစ်ကုန်သော ခန္ဓာနဉ္စ နာမက္ခန္ဓာ တို့အားလည်းကောင်း၊ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန၊ မျိုးစေ့

သဘာဝကမ္မပစ္စယ သတ္တိဖြင့် ပစ္စယောဥပကာရကော ကျေးဇူးပြုတတ်သည်၊ ဟောတိ ဖြစ်၏။

| | |
|---|---|
| ကမ္မ | ပြုခြင်း၊ အမှု၊ အမှုသစ်၊ ကုသိုလ်–အကုသိုလ် ကံ |
| ပစ္စယ | စွဲ၍ဖြစ်ခြင်း၊အထောက်အပံ့အကြောင်း၊ အကြောင်းတရားကိုစွဲ၍ အကျိုးတရား ကို ဖြစ်စေတတ်သောပစ္စည်း။ |

ကမ္မပစ္စယကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ နှင့်ကျေးဇူးပြုပါမည်။

မှားယွင်းသော

၁။ ကာယကံ = (၃) ပါး
၂။ ဝစီကံ = (၄) ပါး
၃။ မနောကံ = (၃) ပါး
} မကောင်းမှုဒုစရိုက်

မှန်ကန်သော

၁။ ကာယကံ = (၃) ပါး
၂။ ဝစီကံ = (၄) ပါး
၃။ မနောကံ = (၃) ပါး
} ကောင်းမှုသုစရိုက်

 http://www.dhammadownload.com 

## မှားယွင်းသော ကာယဒုစရိုက် ကမ္မ(၃)ပါး

၁။ ပါဏာတိပါတ - သူ့အသက်သတ်ခြင်း။

၂။ အဒိန္နာဒါန - သူများပစ္စည်းခိုးခြင်း။

၃။ ကာမေသုမိစ္ဆာစာရ- သူ၏ မယားခိုးခြင်း။

## မှားယွင်းသော ဝစီ ဒုစရိုက် ကမ္မ(၄)ပါး

၁။ မုသာ ဝါစာ - လိမ်ပြောတာ။

၂။ ပိသုဏ ဝါစာ - ကုန်းချောတာ။

၃။ ဖရုသ ဝါစာ - ဆဲပြောတာ။

၄။ သမ္ဖပ္ပလာပ ဝါစာ - သိမ်ဖျင်းသောစကား။

## မှားယွင်းသော မနော ဒုစရိုက် ကမ္မ(၃)ပါး

၁။ အဘိဇ္ဈာ - သူတစ်ပါးစည်းစိမ်ကို လိုချင်ခြင်း။

၂။ ဗျာပါဒ - သူတစ်ပါးပျက်စီးစေလိုသောစိတ်။

၃။ မိစ္ဆာဒိဋ္ဌိ - လွဲမှားသော အယူကိုယူခြင်း။

## မှန်ကန်သော (ကာယကံ) (၃)ပါး

၁။ သူ့အသက်ကို မသတ်ခြင်း။

၂။ သူများပစ္စည်းမခိုးခြင်း။

၃။ သူ၏ မယား မလွန်ကျူးခြင်း။

## မှန်ကန်သော (ဝစီကံ) (၄)ပါး

၁။ မုသားမပြောဘူး။
၂။ ကုန်းချော ရန်တိုက် မပြောဘူး။
၃။ ဆဲရေးတိုင်းထွာမပြောဘူး။
၄။ အကုသိုလ်စကားမပြောဘူး။

## မှန်ကန်သော (မနောကံ) (၃)ပါး

၁။ သူတစ်ပါးပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ၊ ကိုယ်ချင်းစာစိတ် ရှိခြင်း။
၂။ သူတစ်ပါးကောင်းစားစေလိုခြင်း။
၃။ သစ္စာတရားနာ၍ မှန်ကန်သော သမ္မာဒိဋ္ဌိဉာဏ် ရခြင်း။

ကံ ( ၄ ) မျိုး

၁။ အဖြူ ------------------ ကံ
၂။ အမဲ ------------------- ကံ
၃။ အဖြူအမဲရောတဲ့ -------- ကံ
၄။ အဖြူအမဲ မရောတဲ့------- ကံ

၁။ ကုသိုလ်ဖြုတ်ပဲ့ ---------------------- တံ
၂။ အကုသိုလ်ဖြုတ်ပဲ့ ---------------------- တံ
၃။ အကုသိုလ်နှင့်ငွေရှာ၍ ကုသိုလ်ဖြုတ်ပဲ့ ---- တံ
၄။ သစ္စာသိပြီး တရားအားထုတ်နေချိန် ----- တံ

အဖြူအမဲရောတဲ့ပုံတင်ပြပါမည်။

ဥပမာ

ဈေးရုံထဲမှာ မျက်နှာချင်းဆိုင် မဖြူ ဆိုင်နှင့် မညို ဆိုင်(၂) ဆိုင်ရှိသည်ဆိုကြပါစို့။ မညိုဆိုင်ကဆီ၊ မြေပဲဆန်၊ ပုဇွန်ခြောက် ရောင်းပါသည်။ ဆီ(၁)ပိဿာ လျှင် (၃)ကျပ်သား အလေးချိန်လျော့နည်း ပါသည်။ ဆီထဲမှာဝါစေ့ဆီတို့၊ မယ်ဇယ်ဆီတို့၊ ဖွဲနုဆီတို့ ရော၍ ရောင်း ပါသည်။ ဆိုင်းဘုတ်သေးသေးကလေးမှာ ပဲဆီ စစ်စစ်၊နှမ်းဆီစစ်စစ်ရောင်းသည်။ မြေပဲဆန်နှင့်ပုဇွန် ခြောက်မှာလည်း (၁) ပိဿာလျှင် (၃)ကျပ်သားစီ အလေးလျော့ပါသည်။ မညိုဆိုင်သို့ ဈေးဝယ်လာ သော မိတ်ဆွေက "မညို ထမင်းစားပြီးပြီလား"ဟု နှုတ်ဆက်ပါသည်။ မညိုက "ဥပုသ်ရသည်"ဟုပြော သည်။ နောက်ဆက်၍မညို က ပြောသည်မှာ "ကျွန်မ တို့ ဥပုသ်စောင့်တာက၊ အဖိတ်နေ့၊ ဥပုသ်နေ့၊ ဥပုသ်

ထွက်နေ့မှာ အမြဲတစ်ပတ်လျှင် (၃)ရက် ဆက်တိုက် ဥပုသ်စောင့်တာပါပဲရှင်။ ကုသိုလ် တရားဆိုတာ ယူ တတ်မှ ရပါတယ်ရှင်။ ထမင်းနေ့တိုင်း စားပြီး ဥပုသ် မစောင့်လို့မဖြစ်သေးဖူး။ ဒါနနှင့် သီလမပါလျှင်သေခါ မှသိမယ်။ ရေဘူးနှင့် ဘိနပ်မပါလျှင် နွေအခါမှသိမယ် လို့ ဆုံးမစကားအရှိသားပဲရှင်"။

"ကျွန်မတို့ ရွှေတိဂုံမှာ ရွှေ(၁ဝိ)သား၊ မဟာမြတ်မုနိမှာ ရွှေ(၁ဝိ)သား၊ ရိပ်သာမှာ အာဟာရ ငွေပဒေသာပင်၊ ဆွမ်းခံထိုင်ကိုယ်တော်က (၁၀)ပါး နေ့စဉ်ဆွမ်းလောင်းတာပါပဲရှင်"တဲ့။

မညိုပြောတဲ့အသံကို ထမင်းစားလျက်တန်းလန်း မဖြူ က အကုန်ကြားပါသည်။

မဖြူက နှမ်းဆီ၊ ပဲဆီစစ်စစ်၊ အလေးပြည့်ပြည့် ရောင်းသည်။မြေပဲဆန် အလေးပြည့်ပြည့်ရောင်းသည်။ ပုဇွန်ခြောက်ရေမထိုးဘူး၊အလေးပြည့်ပြည့်ရောင်းသည်။ မဖြူက ဥပုသ်မစောင့်ပါ။ မုသားမပြောပါဘူး။ သူများ လည်း ခနိုးခနဲ့ မပြောတတ်ဘူး။ သူများ စိတ်ဆင်းရဲ အောင်လဲ မပြောတတ်ပါဘူး။ သူများနှိမ်၍ ကိုယ့်ကိုယ် ကို အထင်ကြီးအောင်လည်း မပြောတတ်ပါဘူး။ မနော မှာလည်း အဘိဇ္ဈာ၊ ဗျာပါဒ၊ ဣဿာ၊ မစ္ဆရိယလည်း

http://www.dhammadownload.com


မရှိပါဘူး။ ဗုဒ္ဓဘာသာအယူရှိသူသည် ကိုယ်နိုင်သော ဒါနပြုကြပါသည်။

မိစ္ဆာအာဇီဝ

ဈေးရောင်းသောပစ္စည်းသည် အလေးမပြည့်ဘူး။ တောင်းခြင်မပြည့်၍ ပစ္စည်းစစ်စစ် မရောင်းဘဲနဲ့ ရောနှော၍ ရောင်းချတာမျိုးကို အဒိန္နာဒါန ခိုးပြစ်၊ ဖြစ်ပါသည်။ ဝစီကံဆိုးဆိုတာ သူများမခံသာအောင် ခနိုးခနဲ့ ပြောတာမျိုး၊ သူတပါး မခံသာအောင်နှိမ်ချ၍ပြောတာမျိုး၊ ကိုယ့်ကိုယ်ကို သူများကအထင်ကြီးအောင် ပြောတာမျိုးကို မနောဆိုး၍ ဝစီကံဆိုး ဟုခေါ်ပါသည်။ ဝမ်းတွင်း အဇ္ဈတ္တမှာ အဘိဇ္ဈာ၊ ဗျာပါဒ၊ ဏှာဿာ မစ္ဆရိယရှိသူသည် ကိုယ်ကျင့်သီလတရားမရှိပါ။ ငွေချမ်းသာ၍လှူတာက အဖြူကံ။

ကာယကံဆိုး၊ ဝစီကံဆိုး၊ မနောကံဆိုးဆိုတာက အမဲကံ ကံဖြူနှင့်ကံမဲ (၂)ခုပေါင်းတော့ အဖြူအမဲရောတဲ့ကံကို ပုံပေါ်စေလို၍ ပုံစံရေးပြရတာပါ ခင်ဗျား။ ကမ္မ၏ အကြောင်းရင်းက တဏှာဥပါဒါန်ဖြစ်ပါသည်။ ကမ္မ၏ အကျိုးတရားက (၃၁)ဘုံခန္ဓာရသော ဝိပါကဝဋ် ကြီးပါ ခင်ဗျား။ အဖြူကံအကျိုးက သုဂတိခန္ဓာပါပဲ။ အမဲကံ အကျိုးက ဒုဂ္ဂတိခန္ဓာပါပဲ။

http://www.dhammadownload.com


အဖြူအမဲရောတဲ့ ကမ္မကတော့ ဘုရင့်နန်းတော်ထဲမှာ ရွှေဇလုံကြီးနဲ့ စားရသော ဆင်ဖြူတော်ကြီးဟု ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးကဟောတော်မူပါသည်ခင်ဗျား။

ဤတွင် ကမ္မပစ္စည်း ပြီးပါပြီ။

♦ ♦ ♦ ♦ ♦ ♦ ♦

## ၁၄။ ဝိပါကပစ္စယော
## (ဝိပါကဝဋ်အကျိုးတရား)

ဝိပါကါ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော

ဝိပါက ပစ္စည်းဟူသည်ကား

ဝိပါကအကျိုး ဝိပါက်ဖြစ်ကုန်သော စတ္တာရော လေးပါးကုန်သောအရူပိနော၊ နာမ်ဖြစ်ကုန်သော ခန္ဓာ၊ ပဝတ္တိ ပဋိသန္ဓေခန္ဓာတို့သည် အညမညံ–အချင်းချင်း။ ဝိပါကပစ္စယေန၊ အကျိုးဝိပါက ပစ္စယသတ္တိဖြင့် ပစ္စယော၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သည် ဟောတိ ဖြစ်၏။

(၃၁)ဘုံခန္ဓာရသော သတ္တဝါများသည် လက်ရှိ

http://www.dhammadownload.com


အကျိုးဝိပါကဝဋ်ခန္ဓာကြီးနှင့်အတူ ကောင်းကျိုးဆိုးပြစ် ရရှိသော အကျိုးတရားကြီးပါခင်ဗျာ။ သစ္စာနှင့် ကြည့် လျှင် ဒုက္ခသစ္စာစစ်စစ်ကြီးပါခင်ဗျာ။ ဝိပါကဝဋ် ဖြစ်ရ ခြင်းသည် ကမ္မပစ္စယောကြောင့်ပါ၊ ကမ္မပစ္စယောသည် တဏှာဥပါဒါန်ကြောင့်ပါခင်ဗျား။ လက်ာ ဆောင်ပုဒ် ပြပါမည်။

"ကိလေသာကြောင့် ကမ္မပြုပြင် ဝိပါကဝဋ် မလွတ်နိုင်ပင်" ဟု စာဆိုပညာရှိက ရေးခဲ့ပါသည်။

ကိလေသာတည်းဟူသော တဏှာ၊ ဥပါဒါန် ကြောင့်ကမ္မပစ္စယောဖြစ်ပါသည်။ ကမ္မပစ္စယော ကြောင့် (၃၁)ဘုံမှာ ခန္ဓာဝိပါကဝဋ် ဒုက္ခစက်ကြီး လည်နေရ ပါသည်။

ဝိပါကပစ္စယော

ဝိပါက ဝဋ်အကျိုးတရား(၈)ပါးမှာ -

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

| | |
|---|---|
| ဇာတိ / ဥပပတ္တိဘဝ | ဇရာမရဏ |

ခန္ဓာ၊ နာမ်ရုပ် ရှိကြသော လူနတ်ပြဟ္မာ အပါယ်(၄)ဘုံ သားတို့သည် (၃၁)ဘုံမှာ၊ အကျိုးတရား၊ ဝိပါကဝဋ် ဒုက္ခသစ္စာနှင့် သံသရာ မှာ အကျိုးပေးချင်း မတူပုံကို

http://www.dhammadownload.com


တင်ပြလိုပါသည်။

ဥပမာ -

မြတ်စွာဘုရား တရားဟောသောအချိန်မှာ တန်ခိုးကြီးသော နတ်ပြဟ္မာများကြွလာလျှင် တန်ခိုးငယ်သော နတ်ပြဟ္မာများက နောက်ဆုတ်၍နေရာယူရပါသည်။ အတိတ်က ကမ္မအမှုချင်း မတူတော့ ရရှိသော ဝိပါကဝဋ်ထဲမှာလည်း အကျိုးပေးကွာခြားတာပေါ့ ခင်ဗျား။ ကုသိုလ်ကမ္မနှင့် အကုသိုလ်ကမ္မ အကြောင်းခံသောကြောင့် လူ့ဘဝမှာလည်း လူဆင်းရဲ၊ ငွေချမ်းသာသောလူ၊ လူပညာရှိ၊ လူပညာမဲ့၊ လူလေ၊ လူလွင့် အသိညာဏ်နည်းသောလူ၊ လူပျင်းဖြစ်ရခြင်းသည် ကိုယ်ပြုခဲ့သော ကမ္မပထအကြောင်းတရားကြောင့် အကျိုးဝိပါကတရားပါခင်ဗျား။ ခွေးဖြစ်သော်လည်း ခွေးအကျိုးပေးချင်းမတူပုံက ကြက်ဥ၊ အမဲသား၊ နွားနို့သောက်ရသော အယ်လ်ဇေးရှင်း ခွေး၊ ထမင်းရည်ကို ဝအောင်မသောက်ရသော ခွေးပိန်၊ခွေးဝဲစားတို့ ဖြစ်ရတာ အကျိုးပေးမတူသော ဝိပါကဝဋ်ဒုက္ခသစ္စာကြီးပါခင်ဗျာ။ အကျိုးပေးမတူပုံ အကျယ်သိလိုသော် ကျွန်တော်စီစဉ်ထုတ်ဝေသော ညာဏပရိညာဒုတိယတွဲစာအုပ်မှာ အပြည့်အစုံပါရှိပါသည်။ (၃၁)ဘုံ

http://www.dhammadownload.com



မှာ ကမ္မပစ္စယကြောင့်ဝိပါကပစ္စယဖြစ်ပုံ၊ ဝိပါကဝဋ် (၈)ပါးမှာပါသော ဇာတိ/ဥပပတ္တိဘဝ ဆိုသည်မှာ လူဇာတိ၊ နတ်ဇာတိ၊ ဗြဟ္မာဇာတိ အပါယ်(၄)ဘုံဇာတိနှင့်အတူ ပါလာတာ၊ ကောင်းကျိုး၊ ဆိုးပြစ်နှင့်အတူရောနှောပါ လာတာက ဇာတိ/ဥပပတ္တိဘဝ ပါခင်ဗျား။ လူချင်းတူသော် လည်း၊ အကျိုးပေးမတူတာက ဥပပတ္တိဘဝပါ။ နတ်ချင်းတူသော်လည်း အကျိုးပေးချင်းမတူတာက ဥပပတ္တိဘဝပါ။ ဗြဟ္မာချင်းတူသော်လည်း အကျိုးပေး ချင်း မတူတာက ဥပပတ္တိဘဝပါခင်ဗျား။

ဤတွင် ဝိပါကပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

## ၁၅။ အာဟာရပစ္စယော

## (ရုပ်အာဟာရ၊ နာမ်အာဟာရ)

### ရုပ်အာဟာရ

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

http://www.dhammadownload.com


အာဟာရပစ္စည်းဟူသည်ကား

ကဗဠီကာရအော၊ရုပ်ကိုခိုင်မာတောင့်တင်းစေခြင်းငှာ မီတာမင် ဟုဆိုအပ်သော အားဓာတ်၊ ပရိုတင်း ဟုဆိုအပ်သော အသားဓာတ်၊ မင်နရယ် ဟုဆိုအပ်သော သတ္တုဓာတ် အစရှိသော အာဟာရဓာတ်တို့သည်၊ ဣမဿ၊ ဤခန္ဓာကိုယ် ရုပ်တရားကြီးကို၊ အာဟာရ ပစ္စယေန၊ ထောက်ပံ့ခိုင်ခံ့စေခြင်းငှာ၊ အာဟာရပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ယောတ္တ ဖြစ်၏။

အဓိပ္ပါယ်မှာ –

ရုပကာယ၊ရုပ်ကြီးကို ကံ၊စိတ်၊ဥတု၊အာဟာရတို့က (၄)ချက်ညီညီ ထောက်ထားရပါသည်။

နာမ်အာဟာရ

မိမိမြတ်နိုးတွယ်တာလှသော တိုက်၊ ကား၊ ပစ္စည်း ဥစ္စာ၊ ရတနာနှင့် သားသမီး၊ မြေးမြစ်တို့အား တစ်စိမ့်စိမ့်ကြည့်ခါ ပီတိသောမနဿ ဖြစ်ဖြစ်နေတာသည် နာမ်အာဟာရပါ ခင်ဗျား။

ဤတွင် အာဟာရပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁၆။ ဣန္ဒြိယပစ္စယော
## (ဣန္ဒြေ - ၅ ပါး)

၁။ စက္ခုန္ဒြေ (စက္ခု ပသာဒရုပ်)
၂။ သောတိန္ဒြေ (သောတ ပသာဒရုပ်)
၃။ ဃာနိန္ဒြေ (ဃာန ပသာဒရုပ်)
၄။ ဇိဝှိန္ဒြေ (ဇိဝှာ ပသာဒရုပ်)
၅။ ကာယိန္ဒြေ (ကာယ ပသာဒရုပ်)

ဣန္ဒြိယ ပစ္စည်း ဟူသည်ကား
စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေ ပသာဒရုပ်၊ မျက်စိအကြည်သည် စက္ခုဝိညာဏဓာတုယာစ၊မြင်စိတ် စက္ခုဝိညာဏဓာတ် အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ၊ ထို စက္ခု ဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း၊ ဣန္ဒြိယ ပစ္စယေန၊ အစိုးရသော ဣန္ဒြိယပစ္စယ သတ္တိဖြင့်၊ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည် ဟောတိ ဖြစ်၏။

အဓိပ္ပါယ်မှာ -

မျက်စိအကြည်ကကျေးဇူးပြု၍မြင်စိတ်နှင့် အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော ဝေဒနာ၊ သညာ၊

http://www.dhammadownload.com


သင်္ခါရ ဟု ဆိုသော စေတသိက်တရားတို့သည် တစ်နည်း နာမ်ခန္ဓာ (၄)ပါးတို့သည် တည်ငြိမ်စွာ အစိုးရခြင်းဖြစ်၏။ ပို၍ ရှင်းအောင်သိလိုသော် ပုရေဇာတပစ္စယောတွင်(၅)ဒွါရ မှာ စိတ်၊စေတသိက် ဖြစ်ပုံကို ပုံနှင့်အတူပြထားပါသည်။

နားအကြည်ကကျေးဇူးပြု၍ ကြားစိတ်နှင့်အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သောဝေဒနာ၊ သညာ၊ သင်္ခါရဟု ဆိုသောစေတသိက်တရားတို့သည်တစ်နည်း နာမ်ခန္ဓာ (၄)ပါးတို့သည်တည်ငြိမ်စွာအစိုးရခြင်းဖြစ်၏။

နှာအကြည်ကကျေးဇူးပြု၍ နံစိတ်နှင့်အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရဟု ဆိုသောစေတသိက်တရားတို့သည်တစ်နည်း နာမ်ခန္ဓာ (၄)ပါးတို့သည်တည်ငြိမ်စွာ အစိုးရခြင်းဖြစ်၏။

လျှာအကြည်ကကျေးဇူးပြု၍ စားစိတ်နှင့်အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သောဝေဒနာ၊ သညာ၊ သင်္ခါရဟု ဆိုသောစေတသိက်တရားတို့သည် တစ်နည်းနာမ်ခန္ဓာ (၄)ပါးတို့သည်တည်ငြိမ်စွာအစိုးရခြင်းဖြစ်၏။

ကာယပသာဒရုပ်က ကျေးဇူးပြု၍ ကာယ ဝိညာဏ်နှင့်အတူ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သောဝေဒနာ၊

http://www.dhammadownload.com



သညာ၊ သင်္ခါရဟူ ဆိုသော စေတသိက်တရားတို့သည် တည်ငြိမ်စွာအစိုးရခြင်းဖြစ်၏။

ဤတွင် ဣန္ဒြိယပစ္စည်း ပြီးပါပြီ။

♦ ♦ ♦ ♦ ♦ ♦ ♦

## ၁၇။ ဈာနပစ္စယော
## (ဈာန်အင်္ဂါ (၅)ပါး)

ဈာနပစ္စယော

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

### ပါဠိအဓိပ္ပါယ်ပြန်

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ(၅)ပါးတို့သည် ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စိတ်၊ စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ၊ ထို ဈာန်ကြောင့် ဖြစ်ကုန်သော ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား လည်းကောင်း၊ ဈာနပစ္စယေန၊ ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com


## မြန်မာစကားပြေ

၁။ ဝိတက် (ကြံစည်ခြင်း)
၂။ ဝိစာရ (သုံးသပ်ခြင်း)
၃။ ပီတိ (နှစ်သက်ခြင်း)
၄။ ဝေဒနာ (ခံစားခြင်း)
၅။ ဧကဂ္ဂတာ (ငြိမ်သက်စွာအာရုံပြုခြင်း)

### ဈာနပစ္စယ

ကုသိုလ်စေတသိက်ဖြစ်ပုံ ဥပမာပြပါမည်။

ဥပမာ အလှူတစ်ခုလှူမည်ဆိုပါလျှင် -

၁။ လှူဖွယ် ကိစ္စ ကြံစည်ရပါသည်။
ဝိတက် ဖြစ်ပါသည်။

၂။ လိုအပ်သော လှူဖွယ်ပစ္စည်းများကို တော်သင့်မှန်ကန်မှု ရှိမရှိ သုံးသပ်ဆင်ခြင်ရပါသည်။ ဝိစာရ ဖြစ်ပါသည်။

၃။ လှူဖွယ်ကိစ္စကို သုံးသပ်ဆင်ခြင်သောအခါ လိုလေသေးမရှိအောင်ပြည့်စုံနေလို့ နှစ်သက်မှု ရှိတာကို ပီတိ ဖြစ်ပါသည်။

၄။ မနောမှာ ချမ်းသာစွာခံစားရတာကို သောမနဿ ဝေဒနာဖြစ်ပါသည်။

http://www.dhammadownload.com



၅။ လှူဖွယ်ပစ္စည်းများကို ကြည့်၍ စိတ်ချမ်းသာလွန်းလို့ ငြိမ်သက်စွာ သောမနဿဝေဒနာ ခံစားရတာ ကောဂ္ဂတာဖြစ်ပါသည်။

ဥပမာ

၁။ ပဋ္ဌာန်းစာအုပ် ရေးလိုသော ဓမ္မပုဂ္ဂိုလ် တစ်ဦးသည်ပဋ္ဌာန်းဖတ်သောယောဂီများ သဘောပေါက်နားလည်အောင် မည်ကဲ့သို့ ဥပမာပြ၍ စကားလုံးချောမော ပြေပြစ်စွာ ရေးနိုင်အောင် ကြံစည်ရတာသည့် ဝိတက် ပါခင်ဗျား။

၂။ ပါဠိသတ်ပုံနှင့် မြန်မာသတ်ပုံများမှာ ချွတ်ယွင်း၊ ချွတ်ချော်မှုမရှိအောင် သုံးသပ်ဆင်ခြင်တာကို ဝိစာရ ပါ ခင်ဗျား။

၃။ တရားစာရေးသောအခါ (၂၄)ပစ္စည်းတရားတော်ကို ကြည်ညိုသဒ္ဓါနှင့် နှစ်သက်မြတ်နိုးပြီးရေးနေရတာကို ပီတိ ဖြစ်ပါသည်။

၄။ ပဋ္ဌာန်းစာဖတ်သူယောဂီအား သဒ္ဓါတရားနှင့်နားလည်အောင် ရေးဖြစ်တာက သောမနဿဝေဒနာ ဖြစ်ပါသည်။

၅။ ပဋ္ဌာန်းတရားစာရေးနေသောအခါ မည်သည့်အာရုံမှ နှလုံးမသွင်းဘဲ တရားဓမ္မအပေါ်မှာ

http://www.dhammadownload.com


ဉာဏ် သက်ရောက်ပြီး ငြိမ်သက်စွာ တရားမြေမှကို အာရုံပြု၍ ရှုနေသောအခါမှာ ဧကဂ္ဂတာ ဖြစ်နေပါသည်။

ဤတွင် ဈာနပစ္စည်း ပြီးပါပြီ။

♦♦♦♦♦♦♦

## ၁၈။ မဂ္ဂပစ္စယော
## (မဂ္ဂင်(၅)ပါး မဂ္ဂင်(၈)ပါး)

မဂ္ဂပစ္စယော

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား

မဂ္ဂင်္ဂါနိ၊ သဟိတ် ၃ရှိသော ပညာ,ဝိတက်, သမ္မာဝါစာ၊ သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, သမ္မာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား(၉) ပါးတို့သည် မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဉ်ကုန်သော ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်ကြောင့်ဖြစ်ကုန်သော၊ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့ အားလည်းကောင်း၊ မဂ္ဂပစ္စယေန၊ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ဆောင်ပို့ ထွက်

http://www.dhammadownload.com


မြောက်ကြောင်းမဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည် ဟောတိ၊ ဖြစ်၏။

မဂ္ဂပစ္စယော၊ အဓိပ္ပါယ်ကို ယောဂီတို့နားလည်သဘောပေါက်အောင် မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယနှင့် ယှဉ်၍ တင်ပြပါမည်။

ကိလေသာကို မဂ်က သတ်သောကြောင့် ကိလေသေ၊ မာရေန္တော၊ ဂစ္ဆတီတိမဂ္ဂေါဟု မြတ်စွာဘုရား ဟောတော်မူပါသည်ခင်ဗျား။

ဦးဟုတ်စိန် ရေးသားသော ပါဠိအဘိဓာန် စာမျက်နှာ(၇၄၄)၊ စာကြောင်းရေ(၁၇) မဂ္ဂဟူသော အဓိပ္ပါယ်သည် နိဗ္ဗာန်ကို ရှာမှီးခြင်းအကြောင်း ဟု ပါရှိပါသည်။

မဂ္ဂဟူသော အဓိပ္ပါယ်အရ မည်ကဲ့သို့ နိဗ္ဗာန် ရှာမှီးရမည်ဆိုတာ တင်ပြပါမည်ခင်ဗျား။

ပွားများရသော မဂ္ဂင်သည် (၅)ပါးဖြစ်ပါသည်။ မဂ္ဂင်(၅)ပါး၊ ရှုညာဏ်တရားကို ပွားများမှသာလျှင် (၈)ပါးမဂ္ဂင် ပြည့်စုံပါမည်။ (၅)ပါးမဂ္ဂင်က၊ ဘာဝေတဗ္ဗကိစ္စဖြစ်၍ ကြိမ်ဖန်များစွာ ပွားများရပါသည်။ (၅)ပါးမဂ္ဂင်သည် သူဌေးဖြစ်အောင် ငွေရှာသောသူနှင့် တူပါသည်။ ငွေများစွာ စုဆောင်းမိလို့ သူဌေးဖြစ်တာသည်

http://www.dhammadownload.com



(၈)ပါးမဂ္ဂင်ပြည့်စုံတာနှင့် တူပါသည်။ မဂ္ဂင်(၅)ပါး ရှုညာဏ်တရားကို နားလည်အောင် ပထမရေးသား တင်ပြပါမည်ခင်ဗျား။

ရှုပွားသော ဘာဝေတာဗ္ဗကိစ္စမှာ အမည်(၄) မျိုး ရှိပါသည်။

၁။ ပုဗ္ဗဘာဂ မဂ် = ရှေးဦး မဂ်ညာဏ်
၂။ လောကီ မဂ် = ဖြစ်လိုက်ပျက်လိုက်ကို မြင်သော မဂ်ညာဏ်
၃။ ပဥ္စင်္ဂိက မဂ် = ရှုညာဏ်(၅)ပါး မဂ်
၄။ ဝိပဿနာမဂ် = အသူးထူးအပြားပြားမြင်သော မဂ်

၁။ ပထမ ဆရာကောင်းရှာ၍ သစ္စာတရားနာပါ။
၂။ ရုပ်နာမ်၏အကြောင်းအကျိုး သိမှ ဝိစိကိစ္ဆာ စင် ပါမည်။
၃။ အာရုံ့ဒွါရ နှစ်ခုဆုံမိလို့ ရုပ်နာမ်အဖြစ်သိတာသည် ဉစ္ဆေဒဒိဋ္ဌိစင်ပါသည်။
၄။ ရုပ်နာမ်၏ မမြဲတာသိတော့ သဿတဒိဋ္ဌိစင်ပါ သည်။

http://www.dhammadownload.com


ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အသိနှင့်စင်မှသော မဂ္ဂင်(၅)ပါး၊ ရှုညာဏ်တရားနှင့် ပွားများပါခင်ဗျား။

ရှုပွားရမှာက ပစ္စုပ္ပန် ဒုက္ခသစ္စာ ခန္ဓာက ပြသော၊ မမြဲတဲ့ အနိစ္စ လက္ခဏာကို မဂ္ဂင်(၅)ပါးနှင့် ရှုပွားရမှာဖြစ်ပါသည်။

ရှုပွားနေသော မဂ္ဂင်(၅)ပါးသည်၊ ရှုပွားနေချိန်မှာ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ ကိုသတ်တတ်သောကြောင့် ဂစ္ဆတီတိ၊ မဂ္ဂေါဟု မိုးကုတ်ဆရာတော်ဘုရားကဟောပါသည်။

ရှုပွားသောလောကီမဂ္ဂင်(၅)ပါး

| | | |
|---|---|---|
| သမ္မာ ဒိဋ္ဌိ<br>သမ္မာ သင်္ကပ္ပ | } | ပညာမဂ္ဂင်(၂)ပါး |
| သမ္မာ ဝါယာမ<br>သမ္မာ သတိ<br>သမ္မာ သမာဓိ | } | သမာဓိမဂ္ဂင်(၃)ပါး |

ဝိပဿနာရှုပွားသောအခါမှာ ပစ္စုပ္ပန် ရုပ်နာမ် ခန္ဓာအပေါ်မှာ သမာဓိမဂ္ဂင်(၃)ပါးက အဖြစ်ကိုမြင်၍ ပညာမဂ္ဂင်(၂)ပါးကအပျက်ကိုမြင်တော့ ဝိပဿနာ

http://www.dhammadownload.com


ဉာဏ် ဖြစ်ပါသည်။

ဝိပဿနာရှုပွားပုံအားလုံးစုံကို သိလိုလျှင် ကျွန်တော် ရေးသားပြုစုသော ဉာဏပရိဉာ၊ ပထမ ထုတ်သောစာအုပ်နှင့် ဒုတိယထုတ်ဝေသော ဉာဏပရိဉာဒုတိယတွဲမှာ အပြည့်အစုံပါရှိပါသည်။

မဂ္ဂင်(၅)ပါးရှုဉာဏ်တရားပွားများပါများလို့ ၊ ပြည့်စုံလာတာကတော့ လောကုတ္တရာမဂ္ဂင်(၈)ပါး ဖြစ်ပါသည်။

မဂ္ဂင်(၈)ပါးပြည့်စုံသည် မပြည့်စုံသည်ကို သိလို လျှင် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော် ဘုရားကြီး ၁. ၇. ၁၉၆၂ နေ့ဟောသောတရား သောတာပန်အင်္ဂါ (၇)ပါးစာအုပ် အမှတ်စဉ် (၁၂) စာမျက်နှာ (၄၇၅)မှာ ကြည့်ရှုပါခင်ဗျား။

လောကုတ္တရာမဂ္ဂင်(၈)ပါး

၁။ သမ္မာ ဒိဋ္ဌိ } ပညာမဂ္ဂင် (၂)ပါး
၂။ သမ္မာ သင်္ကပ္ပ

၃။ သမ္မာ ဝါစာ } သီလမဂ္ဂင် (၃)ပါး
၄။ သမ္မာ ကမ္မန္တ
၅။ သမ္မာ အာဇီဝ

http://www.dhammadownload.com


| | | |
|---|---|---|
| ၆။ သမ္မာ ဝါယမ | | |
| ၇။ သမ္မာ သတိ | } | သမာဓိမဂ္ဂင် (၃)ပါး |
| ၈။ သမ္မာ သမာဓိ | | |

## တရားနှင့်ပြည့်စုံသောယောဂီမှာ

**သမ္မာဒိဋ္ဌိ**

အရှုမှန်ပုံမှာ ရုပ်နာမ်ခမ္မ သင်္ခါရတရားတွေ အပေါ်တွင် သစ္စာတရားနာပြီးသော အသိသည် အနုဗောဓဉာဏ်နှင့်ပြည့်စုံ၍ ကိုယ့်ခန္ဓာကို ပစ္စုပ္ပန်နှလုံးသွင်း မှန်သောဉာဏ်နှင့် ဖြစ်မှုပျက်မှု ရှုပွားသောအခါ ရှုဉာဏ်သည် ပဋိဝေဓဉာဏ် ဖြစ်ပါသည်။ ဤဘဝ ရုပ် နာမ်ခန္ဓာ၊စုတိသည်အထိ တရားပေါ်မှာ မှန်ကန်သော ဉာဏ်အမြင်ရှိ၍ သမ္မာဒိဋ္ဌိဖြစ်ပါသည်။ ရုပ်နာမ် ခန္ဓာပရိနိဗ္ဗာန်မစံသေး၍ နောက်ဘဝ၊ ခန္ဓာကျန်ခဲ့သော်သုဂတိခန္ဓာရ၍ထိုဘဝမှာပင် သစ္စာတရားနှင့်သာ၊ ပျော်မွေ့၍ ခန္ဓာနှင့် သစ္စာဉာဏ် မကွာသောကြောင့် ခန္ဓာဝန်ကျွတ်တမ်းဝင်မှာပါခင်ဗျား။

http://www.dhammadownload.com


သမ္မာသင်္ကပ္ပ

မနောမှာကိန်းသော သမ္မာဒိဋ္ဌိ မီးရထား ခေါင်းတွဲကြီးက မီးရထားသံလမ်းပေါ်မှာ မှန်ကန်စွာ ရှေ့ဆောင် ကောင်းသောကြောင့် သမ္မာသင်္ကပ္ပ မှန်ကန်စွာလိုက်၍ မိစ္ဆာသင်္ကပ္ပမဖြစ်တော့ပါခင်ဗျား။

မိစ္ဆာသင်္ကပ္ပ ဆိုတာ သီလ၊ သမာဓိ၊ ပညာနှင့် ဆန့်ကျင်သော အကြံမျိုးကိုခေါ်ပါသည်။

သမ္မာဝါစာ

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်(၂)ပါးက ဦးဆောင်သောကြောင့် မိစ္ဆာဝါစာဆိုသော မုသာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ၊ ပိသုဏဝါစာ၊ သူတစ်ပါး နစ်မွန်းစေသော စကားမျိုး၊ သူတစ်ပါး စိတ်ဆင်းရဲစေသော စကားမျိုးမပြောတော့ပါဘူး ခင်ဗျား။

သမ္မာကမ္မန္တ

ပညာမဂ္ဂင် (၂)ပါးနှင့် ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာကမ္မန္တဟုဆိုသော ကာယကံ (၃)ပါး၊ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး မဖြစ်အောင် နေနိုင်သော စွမ်းအားရှိ တာမျိုးကို ဆိုလိုပါသည်ခင်ဗျား။

http://www.dhammadownload.com

သမ္မာအာဇီဝ

ပညာမဂ္ဂင်(၂)ပါးဦးစီးသော သမ္မာအာဇီဝဖြစ်သောကြောင့်၊ သီလမပျက်သော၊ အသက်မွေးမှု ဖြစ်ပါသည်။

သမ္မာဝါယမ

မှန်ကန်သောဆောင်ရွက်မှုကို နိုးစိတ်မှစ၍ အိပ်စိတ်အထိ၊ အသက်ရှင်သ၍ကာလပတ်လုံး လုံ့လြ စွာမှန်ကန်သော ဆောင်ရွက်မှုမျိုးနှင့် ပြည့်စုံနေပါသည်။

သမ္မာသတိ

ခန္ဓာဖြစ်စဉ် ရုပ်နာမ်ဓမ္မသင်္ခါရတရားပေါ်မှာဖြစ်စေ၊ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မမှာဖြစ်စေ၊ အမြဲကောင်းသောသတိနှင့် စောင့်ထိန်းစရာမလိုဘဲ မြဲသော သမ္မာသတိ ဖြစ်နေပါသည်။

သမ္မာသမာဓိ

မဂ္ဂင်(၈)ပါးနှင့်အညီ တည်ကြည်သော ညာဏ်ဦးစီးသောကြောင့် လောကီနှင့် လောကုတ္တရာတရားအပေါ်မှာ အမြဲမှန်ကန်တည်ကြည်မှုနှင့် ပြည့်စုံပါသည်

F 7 3

http://www.dhammadownload.com

ခင်များ။

(၅)ပါးမဂ်နှင့်ပွားများလို့(၈)ပါးမဂ်ပြည့်စုံပါသည်။

ဤတွင် မဂ္ဂပစ္စည်း ပြီးပါပြီ။

♦♦♦♦♦♦♦

## ၁၉။ သမ္ပယုတ္တပစ္စယော
## (အတူတကွယှဉ်ဖော်ယှဉ်ဖက်)

သမ္ပယုတ္တပစ္စယော

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

သမ္ပယုတ္တ ပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်း ဟူသည်ကား၊ စတ္တာရော၊ လေးပါးကုန်သော၊ အရူပိနော၊ နာမ်ဖြစ်ကုန်သော၊ ခန္ဓာ၊ ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ,ဝိညာဏက္ခန္ဓာတို့သည်၊ အညမညံ၊အချင်းချင်း၊ သမ္ပယုတ္တပစ္စယေန၊ယှဉ်ခြင်း၊ သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ပစ္စယောဥပကာရကော၊ကျေးဇူးပြုတတ်သည်၊ ယောတိ၊ ဖြစ်၏။

နာမ်ခန္ဓာ(၄)ပါးသည် အတူတကွခွဲမရဘဲ အပြန်အလှန် ကျေးဇူးပြုနေပါသည်။

http://www.dhammadownload.com


ဥပမာ

ဆူးစူးခံရသည်ဆိုပါစို့။ နာကျင်သော ခံစားမှုက ဝေဒနက္ခန္ဓာ၊နာတာကိုသိတာက စိတ် ဝိညာဏက္ခန္ဓာ၊ နာကျင်တာလို့မှတ်မိတာကာသညာက္ခန္ဓာ၊ နာမှုကို ကျွတ်ကျွတ်ဟု စုတ်သပ်ပြီး နာတဲ့နေရာကို လက်နှင့် နှိပ်နယ်ပေးတာက သင်္ခါရက္ခန္ဓာ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟုဆိုအပ်သော နာမ်ခန္ဓာ(၄)ပါး သည် ယှဉ်ဖော်ယှဉ်ဖက်အဖြစ်နှင့်အတူတကွဖြစ်၍ အတူ တကွပျက်ရသော သင်္ခါရ၊ အနိစ္စပါ ခင်ဗျား။

စတုမဓူဥပမာကဲ့သို့ ပျားရည်၊ ထောပတ်၊နှမ်းဆီ၊ တင့်လဲ စသော (၄)မျိုးပေါင်းစပ်ထားသော ဆေးကဲ့သို့ အညီအမျှ သမ္ပယုတ္တ ပစ္စယေန၊ အတူယှဉ်တွဲသကဲ့သို့ ပါခင်ဗျား။

ခန္ဓာ(၅)ပါးသည် ရုပ်ကိုမှီ၍ နာမ်ခန္ဓာ(၄)ပါး ဟု ဆိုအပ်သော- ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ သည် အတူတကွ သမ္ပယုတ္တပစ္စယေန၊ အတူယှဉ်တွဲ၍ ဖြစ်အတူ ပျက်အတူပါပဲခင်ဗျား။

ဤတွင် သမ္ပယုတ္တပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

http://www.dhammadownload.com



## ၂၀။ ဝိပ္ပယုတ္တပစ္စယော (အတူတကွဖြစ်သော်လည်း အချင်းချင်း မရောယှက်ပုံ)

ဝိပ္ပယုတ္တပစ္စယော

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန၊ ပစ္စယော။

ဥပမာ

အရသာ (၆)ပါး

ရုပ် နှင့် နာမ်

ရုပ် က ရုပ် အလုပ်,လုပ်၍

နာမ် က နာမ် အလုပ်, လုပ်သည်။

ရုပ် က ဖောက်ပြန်တယ်။ ဝေဒနာက ခံစားတယ်။ သညာက မှတ်တယ်။ သင်္ခါရက ပြုပြင်တယ်။ ဝိညာဏ် ကသိတယ်။

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည် ကား၊ ရူပိနော၊ ရုပ်ဖြစ်ကုန်သော၊ ဓမ္မာ၊ ဝတ္ထုရုပ်(၆)ပါး တို့ သည် အရူပီနံ၊ နာမ်ဖြစ်ကုန်သော၊ ဓမ္မာနံ၊ နောက် နောက်၌ဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ

http://www.dhammadownload.com


တို့အား ဝိပ္ပယုတ္တပစ္စယေနမယှဉ်ခြင်း ဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည် ယောတိ၊ ဖြစ်၏။

ကျွန်တော်တို့ ဂုဲသို့သော ပါဠိမကျွမ်းကျင်၍ သဘောမပေါက်၊ ညာဏ်မရောက်သော ယောဂီများအား တင်ပြလိုသည်မှာ မိုးကုတ်ယောဂီများသိကြပြီးဖြစ်သော အခံခါတ်နှင့် အတိုက်ခါတ် ပေါင်းဆုံသော ရုပ်(၆)ပါးတို့သည် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာတို့နှင့် အတူတကွဖြစ်သော်လည်း၊ အချင်းချင်းမရောယှက်ပုံမှာ - ခန္ဓာမှာ ပေါ်သော ဝေဒနာအလုပ်က ခံစားတဲ့အလုပ်ပါခင်ဗျား။ ခံစားမှုကို သညာအလုပ်က မှတ်တဲ့ အလုပ်ပါခင်ဗျား။ သင်္ခါရအလုပ်ကပြုပြင်တဲ့အလုပ်၊ စေတသိက်(၃)ပါးဖြစ်မှုကို ဝိညာဏ်အလုပ်က သိတဲ့အလုပ်ပါခင်ဗျား။ နာမ်ခန္ဓာ(၄)ပါးသည် အတူတကွဖြစ်သော်လည်း၊ မရောယှက်ပုံ ဥပမာတစ်ခုတင်ပြပါမည်ခင်ဗျား။

ကျွန်တော်က မကွေးသားဇာတိဖြစ်တော့ မကွေးမှ ထွက်သော ဖန်ခါးသီးနှင့် ဥပမာ ဆောင်ရသော် -

ပုဇွန်ခြောက်၊ ငရုပ်သီးနှင့် ငါးပိရော၍ကြော်သော ငါးပိကြော်ကို ဖန်ခါးသီးနှင့်အတူ ရော၍စားကြည့်ပါ။

အရသာ(၆)ပါးမှာ ချို၊ ချဉ်၊ ဖန်၊ ငန်၊ စပ်၊ ခါးဟု ရှိပါသည်။ ဖန်ခါးသီးအရသာမှာ ချိုသောအရသာ၊ ချဉ်သောအရသာ၊ ဖန်သောအရသာ၊ ငါးပိကငန်သော အရသာ၊ ငရုတ်က စပ်သောအရသာနှင့် ဖန်ခါးသီးက ခါးသောအရသာတို့သည် ဖန်ခါးသီးနှင့် ငါးပိကြော်မှာ အရသာ(၆)ပါးတစ်မျိုးစီ အရသာခံလျှင် ကိုယ်တွေ့ သိပါလိမ့်မည်။

ဤပဌာန်းစာဖတ်သော ယောဂီသဘောမပေါက်သေးလျှင် ကိုယ်တိုင်စမ်းသပ်ကြည့်ပါခင်ဗျား။

ခန္ဓာကိုယ်အကြည်ပသာဒမှာ ယားသည်ဟုဆိုပါစို့။

အယားဖျောက်သောအခါ ခန္ဓာကိုယ် ခံစားမှုက ဝေဒနာက္ခန္ဓာ။

အယားဖျောက်သောအခါ ခန္ဓာကိုယ် သိမှုစိတ်က ဝိညာဏက္ခန္ဓာ။

အယားဖျောက်သောအခါဘယ်နေရာဟု မှတ်မိတာ က သညာက္ခန္ဓာ။

အယားဖျောက်မှုကို ပြုလုပ်တာ ကသင်္ခါရက္ခန္ဓာ။

ကျွန်တော်ကိုယ်တိုင် ဓာတ်ဆီ နှင့်ပြောရလျှင် စာရေးတာထက် ပိုရှင်းအောင်ပြောနိုင်ပါသည်။

ကျွန်တော်ထုတ်ဝေသော စာအုပ်တိုင်းတွင် မရှင်း

http://www.dhammadownload.com


လင်းပါက ကျွန်တော်နေသော အိမ်လိပ်စာဖြင့် လာ၍ မေးပါက ရှင်လန်းအားရစွာ ဖြေဆိုပါမည်ခင်ဗျား။ ဖုန်းနှင့်မေးလည်းရပါသည်။

ဤတွင် ဝိပ္ပယုတ္တပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

## ၂၁။ အတ္ထိပစ္စယော
## (အမှန်ရှိပြီးကျေးဇူးပြုတဲ့တရား)
## အမှန်ရှိသော နာမ်ခန္ဓာ(၄)ပါး

အတ္ထိပစ္စယော။

စတ္တာရောခန္ဓာ အရူပိနော အညမညံ အတ္ထိ ပစ္စယေန၊ ပစ္စယော။

### အဓိပ္ပါယ်ပြန်

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ဟူသော နာမ်ခန္ဓာ(၄)ပါးတို့သည် အတ္ထိပစ္စယောအမှန်အရှိ သဘောနှင့် အပြန်အလှန် ခန္ဓာတစ်ခုမှခန္ဓာတစ်ခုသို့ ကျေးဇူးပြုကြပါသည်။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိ ပစ္စယေန ပစ္စယော။

အဖြစ်၊ဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုသည်၊ ယောတိ ဖြစ်ပါ၏။

## မြန်မာလိုပြန်လျှင်

ရဟန္တာအရှင်သူမြတ်များ စုတိကြလျှင်၊ နောက်တစ်ဖန် ရုပ်နာမ်ခန္ဓာ စိတ်,စေတသိက်တရားတို့သည်၊ ဝိဂတ ပစ္စယော ကင်းချုပ်ကြတော်မူပါ၏။

ဝိဂတအစိပ္ပါယ်သည် ရုပ်နာမ်ခန္ဓာ ကင်းချုပ်သည်။ ပစ္စယော ကျေးဇူးပြုတတ်သော အဓိပ္ပါယ်ဖြစ်ပါသည်။ ခန္ဓာချုပ်ငြိမ်း၊ ရုပ်သိမ်းသော နိဗ္ဗာန်သို့ ပစ္စယော ကျေးဇူးပြုပါသည်။ တစ်နည်း အနုပါဒိသေသ နိဗ္ဗာန်သို့ ပစ္စယော ကျေးဇူးပြုပါသည်။ တစ်နည်း အသင်္ခတ နိဗ္ဗာန်သို့ ပစ္စယော ကျေးဇူးပြုပါသည်။

ဤတွင် ဝိဂတပစ္စည်း ပြီးပါပြီ။

◆◆◆◆◆◆◆

http://www.dhammadownload.com


## ၂၄။ အဝိဂတပစ္စယော
## (မကင်းလို့ ရုပ်နာမ်ထပ်၍ပေါ်သည်)

အဝိဂတပစ္စယော။

စတ္တာရော ခန္ဓာအရူပိနော အညမညံ အဝိဂတ ပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အဝိဂတ ပစ္စယေန ပစ္စယော။

ရုပ်နာမ်တို့သည် ချုပ်ပျောက်ရမည့်အမျိုးဖြစ်၍ ချုပ်ပျောက်သည်။

ချုပ်ပျောက်တာသိလို့ သဿတဒိဋ္ဌိစင်ပါသည်။ နောက် ရုပ်နာမ်အစားထိုးပေါ်မှန်းသိလို့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါသည်။ အဝိဂတပစ္စယောသည် မကင်းလို့ အစားထိုး ရုပ်နာမ်ပေါ်ပါသည်။

အဝိဂတ ပစ္စည်းဟူသည်ကား


စတ္တာရော လေးပါးကုန်သော အရူပိနောနာမ်တရား ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊ အညမညံ အချင်းချင်း၊ အဝိဂတ ပစ္စယေန၊ မကင်းသောအဖြစ်ထင်ရှားရှိ နေခြင်း၊ အဝိဂတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရ ကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

http://www.dhammadownload.com



## မျက်စိနှင့်အဆင်းတိုက်၍ပေါ်သော
## မြင်,ခန္ဓာငါးပါး

တံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




| | |
|---|---|
| မနောမှာပေါ်သော ဝေဒနာ | မြင်စိတ်ချုပ်၍ ဝေဒနာပေါ်ခွင့်ရသောကြောင့် အဝိဂတပစ္စယော |
| မနောမှာပေါ်သော တဏှာ | ဝေဒနာချုပ်၍ တဏှာပေါ်ခွင့်ရသောကြောင့် အဝိဂတပစ္စယော |
| မနောမှာပေါ်သော ဥပါဒါန် | တဏှာချုပ်၍ ဥပါဒါန်ပေါ်ခွင့်ရသောကြောင့် အဝိဂတပစ္စယော |
| မနောမှာပေါ်သော ကံ | ဥပါဒါန်ချုပ်၍ မနောကံပေါ်ခွင့်ရသောကြောင့် အဝိဂတပစ္စယော |

http://www.dhammadownload.com



စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ကမ္မ၊ ဘဝ=ပစ္စုပ္ပန် ဖြစ်နေသောခန္ဓာဖြစ်ပါသည်။ မြင်စိတ်ချုပ်၍ မနေမှာ ပေါ်သော ဝေဒနာသည် အဝိဂတပစ္စယောဖြစ်ပါသည်။ ဝေဒနာ ချုပ်၍ မနေမှာပေါ်သော တဏှာသည်၊ အဝိဂတပစ္စယော ဖြစ်ပါသည်။တဏှာချုပ်၍မနေမှာပေါ်သော ဥပါဒါန်သည် အဝိဂတပစ္စယောဖြစ်ပါသည်။ ဥပါဒါန်ချုပ်၍ မနေမှာပေါ်သော ကမ္မသည် အဝိဂတပစ္စယော ဖြစ်ပါသည်။


ဤတွင် အဝိဂတပစ္စည်း ပြီးပါပြီ။

◆ ◆ ◆ ◆ ◆ ◆ ◆

F
8
B

## မျက်စိနှင့်အဆင်းတိုက်၍ပေါ်သော မြင်,ခန္ဓာငါးပါး

ကံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




သစ္စာတပရမတ္ထတရား(၃)ပါး

၁။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

F
8
A

http://www.dhammadownload.com


၃။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၄။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၅။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၆။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၇။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။


၈။ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။


http://www.dhammadownload.com



## နားနှင့်အသံတိုက်၍ပေါ်သော
## ကြား ၊ ခန္ဓာငါးပါး

တံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




သင်္ခတပရမတ္ထတရား(၃)ပါး

၁။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

၃။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၄။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၅။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။


၆။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၇။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

၈။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

## နှာခေါင်းနှင့်အနံ့တိုက်၍ပေါ်သော
## နံ့ ,ခန္ဓာငါးပါး

ကံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




သင်္ခတပရမတ္ထတရား(၃)ပါး

၁။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

http://www.dhammadownload.com



၃။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၄။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၅။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

၆။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

၇။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။


၈။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

http://www.dhammadownload.com



## လျှာနှင့်စားစရာတိုက်၍ပေါ်သော
## စား,စေနွာငါးပါး

ကံကြောင့်ဖြစ်တဲ့ရုပ် ဥတုကြောင့်ဖြစ်တဲ့ရုပ်




## သဒ္ဓိတပရမတ္ထတရား(၃)ပါး

၁။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

http://www.dhammadownload.com



၃။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၄။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၅။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၆။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။


၇။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

၈။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

http://www.dhammadownload.com



## ကိုယ်နှင့်တွေ့ထိစရာတိုက်၍ဖေါ်သော
## ထိ,ခန္ဓာငါးပါး




သင်္စိတ်ပရမတ္ထတရား(၃)ပါး

၁။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ ကာယာယတနံကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

http://www.dhammadownload.com



၃။ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၄။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

၅။ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၆။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။


၇။ ကာယာယတနံ ကာယဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော။

၈။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

http://www.dhammadownload.com



## မနောနှင့်ကြံတွေးစရာတိုက်၍ပေါ်သော တွေး,ခန္ဓာငါးပါး




သစိတာပရမတ္ထတရား(၃)ပါး

၁။ သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၂။ ယံ ရူပံ နိဿာယ မနောဓာတု စ မနော ဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနော

http://www.dhammadownload.com


ဓာတုယာ စ မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

၃။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

၄။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

၅။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

http://www.dhammadownload.com



**ပါဠိတော် အနန္တရ** *(အခြားမရှိ)*

၁။ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

**ဘာသာပြန်**

၁။ ယခင်ပြုခဲ့သောကုသိုလ်နှင့် နောက်ဆက်ပြုသော ကုသိုလ်တို့သည် အခြားမရှိဖြစ်ကြပါသည်။

**အဓိပ္ပါယ်ဖော်ပြချက်**

၁။ စာရေးသူ ကျွန်တော်ကဘုန်းကြီး(၅)ပါး ဆွမ်းကပ်ချိန်မှာမမျှော်လင့်ဘဲ ကျွန်တော့်ဓမ္မမိတ်ဆွေဦးချစ်သန်းတို့မိသားစု ရောက်လာ၍ ဝမ်းပန်းတသာ အာဟာရထမင်း ကျွေးရသောကြောင့် ယခင်ဘုန်းကြီးဆွမ်းကပ်သော ကုသိုလ်နှင့် နောက်ဦးချစ်သန်းတို့မိသားစုအား ထမင်းကျွေးရသော ကုသိုလ်တို့သည် တစ်ဝိညာဏ် မှ တစ်ဝိညာဏ်ပြောင်းသကဲ့သို့အခြားမရှိဆက်စပ်ပုံ ဖြစ်ပါသည်။

ပါဠိတော် အနန္တရ (အခြားမရှိ)

၂။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဘာသာပြန်

၂။ ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သောအဗျာကတတရားတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အဓိပ္ပါယ်ဖော်ပြချက်

၂။ ဥပမာပြရသော်ယခင်ပြုနေကျဖြစ်သော တရားအားထုတ်မှုသည် သမာဓိအား၊ဉာဏ်အားတို့ အချိုးကျနေ၍ (၁)နာရီတရားထိုင်မှုမှာ မကြာလောက်သောအချိန်တွင် သမာဓိအားက ပိုကောင်း၍၊ သတိကလျော့ကျနေသော အချိန်မှာ ထိနမိဒ္ဓဖြစ်ကာ ပက်လက်ကုလားထိုင်ပေါ်မှာအိပ်ပျော်သွားပါသည်။ အိပ်ပျော်သောစိတ်က ဘဝင်စိတ်ဖြစ်ပါသည်။ အိပ်စိတ်သည် ကုသိုလ်၊ အကုသိုလ်မဟုတ်သော အဗျာကတ

http://www.dhammadownload.com


စိတ်ဖြစ်ပါသည်။

ရှေ့က တရားအားထုတ်သော စိတ်သည် ပုရိမာ ပုရိမာ ကုသလာနံ့ ဓမ္မာ။ တရား အားထုတ်ရင်း အိပ်ပျော်သောစိတ်သည် ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ။ ရှေ့စိတ်က တရားအား ထုတ်သောစိတ်နှင့် အိပ်ပျော်သော စိတ်တို့ သည် တစ်ဝိညာဏ်မှ တစ်ဝိညာဏ် ပြောင်းသကဲ့ သို့ အနန္တရပစ္စယသတ္တိပါခင်ဗျား။

ပါဠိတော် အနန္တရ (အခြားမရှိ)

၃။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၃။ ယခင်ပြုခဲ့သော အကုသိုလ်တရားနှင့် နောက် ထပ်ပြုသော အကုသိုလ်တရားတို့သည် အခြား မရှိဖြစ်ပုံ။

http://www.dhammadownload.com



**အစိပ္ပါယ်ဖော်ပြချက်**

၃။ ဥပမာ- သားစိမ်းရောင်းသော ကြက်သည် တစ်ဦးတစ်ယောက်သည် နံနက်စောစော (၄)နာရီခွဲခန့်မှာ ကြက်သတ်နေစဉ် ခွေးက ကြက်သတ်သော နေရာမှာ ရစ်သီရစ်သီနှင့် ရပ်နေစဉ်မှာ ကြက်သတ်သူက ပွက်ပွက်ဆူနေသော ရေနွေးအိုးမှရေကို မှုတ်နှင့်ခတ်၍ ပက်လိုက်တဲ့ခွေးမှာ ထွန့်ထွန့်လူးအော်၍ ပြေးပါသည်။

ပထမပြုသော ကြက်သတ်အကုသိုလ်နှင့် ခွေး ရေနွေးပူနှင့်ပက်သော ဒုတိယ အကုသိုလ်တို့ သည် တစ်ဝိညာဏ်မှ တစ်ဝိညာဏ်ပြောင်းသကဲ့သို့ အခြားမရှိဖြစ်ပါသည်။ အန္ဓပုထုဇဉ်လူသား တွေမှာ ပုရိမာ အကုသိုလ်နှင့် ပစ္ဆိမာနံ အကုသိုလ်တရားတို့ သည် အနန္တရပစ္စယသတ္တိ တွေအများကြီး ဖြစ်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး က လူတစ်သိန်း သေ၍ လူတစ်ယောက်သည် သုဂတိရခဲပါသည် ဟု ဟောတော်မူပါသည်။

F
9
B

ပါဠိတော် အနန္တရ *(အခြားမရှိ)*

၄။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၄။ ယခင်ပြုခဲ့သော အကုသိုလ်စိတ်တွေ တွေးတောရင်း နောက်အိပ်ပျော်စိတ်သည် အနန္တရပစ္စယာ အခြားမရှိသော အကုသိုလ်နှင့်အဗျာကတာ တရား ဖြစ်ကြပါသည်။

အဓိပ္ပါယ်ဖော်ပြချက်

၄။ ဥပမာ - ဆိုင်စက်ပိုင်ရှင်သူဌေးက နှမ်းဆီ၊ ပဲဆီထဲမှာ စျေးလျှော့သောမယ်ဇယ်ဆီ၊ ဝါစေ့ဆီတို့နှင့် မည်ကဲ့သို့ရောရောင်းမည်ဟု တွေး၍ အိပ်ပျော်သွားသည်ဟုဆိုပါစို့။ အိပ်ပျော်သော စိတ်သည် အဗျာကတတရားဖြစ်သောကြောင့် အဗျာကတဆိုတာသည် ကုသိုလ်၊ အကုသိုလ် မဟုတ်သော ဘဝင်စိတ် သို့မဟုတ် အိပ်စိတ်၊ အိပ်ပျော်သောစိတ်နှင့် မအိပ်ခင်မှာ အကုသိုလ်စိတ်တို့သည် အနန္တရ ပစ္စယောအခြားမရှိဖြစ်ပါသည်။

ပါဠိတော် အနန္တရ (*အခြားမရှိ*)

၅။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

ရှေးဆရာတော်ကြီးများဖွင့်ပုံမှာ

၅။ ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော အဗျာကတာဓမ္မာ ကုသိုလ် အကုသိုလ်ဟု မဆိုအပ်ကုန်သော ဝိပါက် ကြိယာတည်း ဟူသော အဗျာကတာတရားတို့သည် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ ဖြစ်ကုန်သော အဗျာကတာနံ ဓမ္မာနံ အဗျာကတာတရားတို့အား အနန္တရပစ္စယေန၊အခြားမဲ့အနန္တရပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

ပါဠိတော် အနန္တရ (*အခြားမရှိ*)

၆။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

http://www.dhammadownload.com


အဓိပ္ပါယ်ဖော်ပြချက်

၆။ ဥပမာပြရသော် တရားဘာဝနာနှင့်ပျော်မွေ့သော ယောဂီတစ်ဦးတစ်ယောက်ဆိုပါစို့။ ထိုယောဂီသည် တရားပေါ်မှာ စွဲစွဲမြဲမြဲရှိသော ယောဂီဖြစ်ခဲ့လျှင် အိပ်ရာမှနိုးစိတ်နှင့်မကွာပဲ တရားရှုမှတ်စိတ်နှင့်နိုးကြပါသည်။

ပုရိမာ ပုရိမာ အဗျာကတာဆိုသော အိပ်စိတ်၊ နိုးပြီးနောက် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်စိတ်က တရားမှတ်၍နိုးစိတ်တို့သည် အနန္တရပစ္စယော အခြားမရှိဖြစ်ပါသည်။

ပါဠိတော် အနန္တရ *(အခြားမရှိ)*

၇။ ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။

အဓိပ္ပါယ်ဖော်ပြချက်

၇။ ဥပမာပြရသော် အန္ဓပုထုဇဉ်များနှင့် အဟိတ်ပုဂ္ဂိုလ်များသည် သူတို့အိပ်စက်ရာမှ နိုးလျှင် နိုးချင်း အကုသိုလ်စိတ်နှင့် ယှဉ်၍ ငွေ့ရှာသော

အခါမှာ ရရာနည်းလမ်းမျိုးစုံနှင့် လောဘ၊ ဒေါသ၊ မောဟ ဦးစီး၍ အိပ်ရာမှ နိုးစိတ်နှင့် ယှဉ်၍ အကုသိုလ်မှုနှင့်အသက်မွေး ကျောင်း ရှာကြတော့တာပါပဲ။ အိပ်ရာမှ မနိုးခင် ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ အိပ်ရာမှ နိုးလျှင် နိုးချင်း၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ပါပသို့ ရမတိမနောဟု ဆိုအပ်သော လူ့ဗာလများ အကုသိုလ်အမှု များပြုကြတာသည် အနန္တရ ပစ္စယော သတ္တိပါ ခင်ဗျား။

ပါဠိတော် သမနန္တရ *(ကောင်းစွာအခြားမရှိ)*

၁။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၁။ ယခင်ပြုခဲ့သောကုသိုလ်နှင့် နောက်ဆက်ပြု သော ကုသိုလ်တို့သည် ကောင်းစွာအခြားမရှိ ဖြစ်ကြပါသည်။

http://www.dhammadownload.com



အဓိပ္ပါယ်ဖော်ပြချက်

၁။ ဥပမာပြရသော် -

ယောဂီတစ်ယောက်သည် ဝိပဿနာတရား အားထုတ်ချိန်တွင် ဉာဏ်ရင့်၍ နိဗ္ဗိန္ဒဉာဏ်မှ လောကုတ္တရာမဂ်ဉာဏ်သို့ ကူးသောအချိန်သည် သမနန္တရကောင်းစွာအခြားမဲ့ကူးသကဲ့သို့ ဖြစ်ပါသည်ခင်ဗျား။

ပါဠိတော် သမနန္တရ (ကောင်းစွာအခြားမရှိ)

၂။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၂။ ယခင်ပြုခဲ့သောကုသိုလ်တရား နှင့် နောက်ဖြစ်သော အဗျာကတ ဘဝင်စိတ်တို့သည် ကောင်းစွာ အခြားမရှိ ဖြစ်ကြပါသည်။

အဓိပ္ပါယ်ဖော်ပြချက်

၂။ ဥပမာပြရသော် -

ယခင်ပြုနေကျဖြစ်သော တရားအားထုတ်မှု

သမာဓိအား၊ ဉာဏ်အားတို့သည် အချိုးကျနေ၍ (၁)နာရီထိုင်မှုမှာ မကြာလောက် သောအချိန်တွင် သမာဓိအားက ပိုကောင်း၍ သတိက လျော့ကျနေသောအချိန်မှာ ထိနမိဒ္ဓ ဖြစ်ကာ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော် သွားပါသည်။ အိပ်ပျော်သော စိတ်သည် ဘဝင်စိတ် ဖြစ်ပါသည်။ အိပ်စိတ်သည် ကုသိုလ်၊ အကုသိုလ် မဟုတ်သော အဗျာကတစိတ် ဖြစ်ပါသည်။ အိပ်ပျော်သောစိတ်ကို အစိပ္ပါယ်ဖော်ရသော် ရှေ့ကတရားအားထုတ်သော စိတ်သည် ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ တရားအားထုတ်ရင်း အိပ်ပျော်သောစိတ်သည် ပစ္ဆိမာနံ ပစ္ဆိမာနံ ဓမ္မာနံ၊ ရှေ့စိတ်ကတရားအားထုတ်သော စိတ်နှင့်အိပ်ပျော်သောစိတ်တို့သည် သမနန္တရ ပစ္စယသတ္တိ ကောင်းစွာအခြားမဲ့ကူးသကဲ့သို့ ဖြစ်ပါသည် ခင်ဗျား။

http://www.dhammadownload.com


ပါဠိတော် သမနန္တရ (*ကောင်းစွာအခြားမရှိ*)

၃။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၃။ ယခင်ဖြစ်ခဲ့သောအကုသိုလ်တရားနှင့် နောက်ထပ် ဖြစ်သော အကုသိုလ်တရား တို့သည် ကောင်းစွာ အခြားမဲ့ဖြစ်ပုံ။

အစိပ္ပါယ်ဖော်ပြချက်

၃။ ဥပမာပြရသော် -

ကံ(၅)ပါး မလုံသောအန္ဓ၊ ဗာလ၊ ပုထုဇဉ် များသည် ပုရိမာ ပုရိမာ ရှေ့မနောကံက ကြံတွေးတိုင်း အကုသိုလ်စိတ်ဖြစ်၍ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်မှ လိုက်သော ကာယကံ၊ ဝစီကံ တို့သည် သမနန္တရပစ္စယသတ္တိဖြင့် ရှေ့အကုသိုလ်နှင့် နောက်အကုသိုလ်တို့သည်ကောင်းစွာအခြားမရှိ ဖြစ်ကြပါသည်။

ပါဠိတော် သမနန္တရ (*ကောင်းစွာအခြားမရှိ*)

၄။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၄။ ယခင်အကုသိုလ်စိတ်တွေ တွေးတောရင်း နောက်အိပ်ပျော်နေသောစိတ်သည် သမနန္တရ ပစ္စယော ပို၍အခြားမရှိသော အကုသိုလ်နှင့် အဗျာကတ တရားတို့ဖြစ်ကြပါသည်။

အစိပ္ပါယ်ဖော်ပြချက်

၄။ ဥပမာပြရသော် -

ပါပသမ္ဘိရမတိ မနောဟုဆိုအပ်သော လူဗာလ များသည် မအိပ်ခင် အကုသိုလ်စိတ်တွေတွေး၍ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ဖြစ်ပါသည်။ အိပ်ပျော်သောအခါ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ ကတာ ဖြစ်သောကြောင့် အကုသိုလ်စိတ်နှင့် အဗျာကတာစိတ်တို့သည် ပို၍အခြားမရှိသော သမနန္တရပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com


ပါဠိတော် သမနန္တရ *(ကောင်းစွာအခြားမရှိ)*

၅။ ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရ ပစ္စယေန ပစ္စယော။

ဘာသာပြန်

ရှေးဆရာတော်ကြီးများဖွင့်ပုံမှာ

၅။ ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော အဗျာကတာခန္ဓာ၊ ကုသိုလ် အကုသိုလ်ဟု ဆိုအပ်ကုန်သော၊ ဝိပါက်ကြိယာတည်းဟူသော အဗျာကတ တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ ဖြစ်ကုန်သော အဗျာကတာနံ ခန္ဓာနံ အဗျာကတတရားတို့အား သမနန္တရ ပစ္စယေန၊ အခြားမဲ့သမနန္တရပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

ပါဠိတော် သမနန္တရ *(ကောင်းစွာအခြားမရှိ)*

၆။ ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရ ပစ္စယေန ပစ္စယော။

http://www.dhammadownload.com


အဓိပ္ပါယ်ဖော်ပြချက်

၆။ ဥပမာပြရသော် -

ဝိပဿနာယောဂီပုဂ္ဂိုလ်သည် တရားရှုမှတ်၍ အိပ်လေ့ရှိပါသည်။ အိပ်ပျော်စိတ်သည် အဗျာကတာဓမ္မာဖြစ်ပါသည်။ ပုရိမာ ပုရိမာ အဗျာကတာဆိုသော အိပ်စိတ်နိုးပြီးနောက် ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်စိတ်ကတရားမှတ်၍ နိုးစိတ်တို့သည် သမနန္တရ ပစ္စယောပို၍ အခြား မရှိ ဖြစ်ကြပါသည်။

ပါဠိတော် သမနန္တရ *(ကောင်းစွာအခြားမရှိ)*

၇။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။

အဓိပ္ပါယ်ဖော်ပြချက်

၇။ ဥပမာပြရသော် -

အန္ဓပုထုဇဉ်များနှင့် အဟိတ်ပုဂ္ဂိုလ်များသည် သူတို့အိပ်စက်ရာမှ နိုးလျှင်နိုးချင်း အကုသိုလ် စိတ်နှင့် ယှဉ်၍ငွေရှာသော အခါမှာ ရရာနည်း လမ်း မျိုးစုံနှင့် လောဘ၊ ဒေါသ မောဟ ဦးစီး၍

http://www.dhammadownload.com


အိပ်ရာမှ နိုးစိတ်နှင့်ယှဉ် ၍ အကုသိုလ်မှုနှင့်
အသက်မွေးဝမ်းကျောင်း
ရှာတော့တာပါပဲ။ အိပ်ရာမှ မနိုးခင် ပုရိမာ
ပုရိမာ အဖျာကတာမှာ အိပ်ရာမှ နိုးလျှင်
နိုးချင်း ပစ္ဆိမာနံ ပစ္ဆိမာနံ ပါပသို့ ရမတိမနော
ဟု ဆိုအပ်သော လူဗာလများသည် အကုသိုလ်
အမှုများ ပြုကြတာသည် သမနန္တရ ပစ္စယသတ္တိ
ပါခင်ဗျား။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၁။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၁။ ယခင်ပြုခဲ့သောကုသိုလ်တရားနှင့် နောက်ပြုသော ကုသိုလ်တရားပေါင်းမိ၍ အားကြီးသော အကြောင်းဖြစ်ပါသည်။

အဓိပ္ပါယ်ဖော်ပြချက်

၁။ ပုရိမာ ပုရိမာ အတိတ်ဘဝက ဝိပဿနာနှင့်

http://www.dhammadownload.com



ပတ်သက်သောအကြောင်းတရားရှိခဲ့၍ ပစ္ဆိမာနံ ပစ္ဆိမာနံ ယခုဘဝမှာ ကျေးဇူးတော်ရှင်မိုးကုတ် ဆရာတော်၏တရားနှင့်တွေ့ရ၍ ကျေးဇူးတော် ရှင်မိုးကုတ်ဆရာတော်ဘုရားသည် မိုးကုတ် ယောဂီအတွက် ဥပနိဿယပစ္စယောပါခင်ဗျား။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၂။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

**အဓိပ္ပါယ်**

၂။ ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော အကုသလာနံ ဓမ္မာနံ အကုသိုလ်တရားတို့အား၊ ကေသဉ္စိ၊ အချို့ ဥပနိဿယပစ္စယေန အားကြီး သော မှီရာတည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရ ကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

http://www.dhammadownload.com

**အစီရင်ခံပါယ်ဖော်ပြချက်**

၂။ အတိတ်ဘဝက ကုသိုလ်အားကြောင့် ပစ္စုပ္ပန်အချိန့်မှာ လူ့ဘဝမှာ ဥစ္စာပစ္စည်း ပြည့်စုံစွာဖြင့် ရောက်ကြသော်လည်း သူ့အသက်သတ်ဖြတ်သော အသက်မွေးဝမ်းကျောင်းနှင့် စားသောက်လျှင်ဒါန်း ကြရတာသည် ကုသိုလ်အား နှင့် အကုသိုလ်အား ရောနှော၍ အကြောင်းအကျိုး သည်၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာနှင့် ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာတို့၏ အားကြီးသော ဥပနိဿယ ပစ္စယောသတ္တိပါခင်များ။

ပါဠိတော် ဥပနိဿယ (*အားကြီးသောအကြောင်း*)

၃။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၃။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော

http://www.dhammadownload.com



အဗျာကတာနံ ဓမ္မာနံ အဗျာကတ တရားတို့အား၊ဥပနိဿယပစ္စယေန အားကြီးသော မှီရာတည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၄။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၄။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော အကုသလာနံဓမ္မာနံ အကုသိုလ်တရားတို့အား၊ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာတည်ရာအထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

**အဓိပ္ပါယ်ဖော်ပြချက်**

၄။ (၁၁)ဘုံမှာ ခန္ဓာရသောသူများ၏ ပုရိမာ ပုရိမာ၊ ယခင်ပြုသော အကုသိုလ်အားသည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ယခုပြုသော အကုသိုလ်အား နှင့် နှစ်ခုပေါင်းမိသောကြောင့် အကုသိုလ်တရား သည် ဥပနိဿယသတ္တိဖြင့် ဥပကာရကော အဝိစိရောက်သည်အထိ အားကြီးသော ကျေးဇူးပြုတတ်ပါသည်။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၅။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

**ဘာသာပြန်**

၅။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော ကုသလာနံ ဓမ္မာနံ ကုသိုလ်တရားတို့အား၊ ကေသဉ္စိ၊ အချို့၊ ဥပနိဿယပစ္စယေန အားကြီး သော ဥပနိဿယ ပစ္စယသတ္တိဖြင့် ပစ္စယော

http://www.dhammadownload.com


ဥပကာရကော ကျေးဇူးပြုတတ်သည်၊ ဟောတိ ဖြစ်၏။

**အဓိပ္ပါယ်ဖော်ပြချက်**

၅။ ပုရိမာ ရှေးရှေး၌ အကုသလာ၊အကုသိုလ်တရားနှင့် အာစိဏ္ဏကံ အမြဲအသက်မွေးရသော်လည်း၊ ကေသဥ္စိ၊ အချို့သော အကုသိုလ်သမားများသည် သေခါနီးကပ်၍ကြားဖြတ် အာသန္နကံကုသိုလ်စိတ်ဝင်လာသည်နှင့် ဝိညာဏ်ချုပ်သောအခါ၊ ကုသလဝိပါက်ဖြစ်ကာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုသိုလ်စိတ်၏ ဥပနိဿယပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်ဟောတိဖြစ်၏။

**ပါဠိတော် ဥပနိဿယ** *(အားကြီးသောအကြောင်း)*

၆။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

**ဘာသာပြန်**

၆။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်၊

ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော အဗျာကတနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား၊ ဥပနိဿယပစ္စယေန အားကြီးသောမှီရာ တည်ရာအထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော ကျေးဇူးပြုတတ်သည်၊ဟောတိ ဖြစ်၏။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၇။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

**ဘာသာပြန်**

၇။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော အဗျာကတာနံ ဓမ္မာနံ အဗျာကတ တရားတို့အား၊ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ တည်ရာအထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်၊ဟောတိ ဖြစ်၏။

http://www.dhammadownload.com


ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၈။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဘာသာပြန်

၈။ ပုရိမာ ပုရိမာ ရှေးရှေး၌ ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော ကုသလာနံ ဓမ္မာနံ ကုသိုလ်တရားတို့အား၊ ဥပနိဿယပစ္စယေန အားကြီးသောမှီရာ တည်ရာအထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်၊ဟောတိ ဖြစ်၏။

ပါဠိတော် ဥပနိဿယ *(အားကြီးသောအကြောင်း)*

၉။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

http://www.dhammadownload.com



ဘာသာပြန်

၉။ ပုရိမာ ပုရိမာ ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော အကုသလာနံ ဓမ္မာနံ အကုသိုလ်တရားတို့အား၊ ဥပနိဿယပစ္စယေန အားကြီးသောမှီရာ တည်ရာအထောက်အပံ့အကြောင်း ဥပနိဿယ ပစ္စယ သတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်၊ဟောတိ ဖြစ်၏။

ပါဠိတော် အာသေဝန (အဖန်ဖန်ထုံအပ်သော)

၁။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ဘာသာပြန်

၁။ ပုရိမာ ပုရိမာ ရှေးယခင်ပြုခဲ့သော ကုသိုလ် တရားတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက် နောက်ကပြုခဲ့ သော ကုသိုလ်တရားတို့အား အာသေဝနပစ္စယသတ္တိဖြင့် အဖန်ဖန်ထုံအပ်၏။

## အစီပွါယ်ဖော်ပြချက်

၁။ ပဋ္ဌာန်းဆရာတော်ကြီးများ၏ဥပမာပြပုံမှာ လွှင်ခဲ့သောနှစ်က နံ့သာရေမွှေးဆွတ်၍ဘီရိုထဲ သိမ်းထားသော အကျီကို ၄င်းအကျီနေရာမှာ ပင် နံ့သာရေမွှေးထပ်၍ဆွတ်ခဲ့သော် အဖန်ဖန် ထုံမွှန်းထားသောကြောင့် အမွှေးနံ့ပို၍ပြင်းပါ သည်။ ထို့အတူ ကျွန်တော်တို့ ဝိပဿနာ ယောဂီများသည်ပင်လျှင် ဒါန၊ သီလ၊ ဝိပဿနာ ဘာဝနာတရားများကို အဖန်ဖန်တလဲလဲထုံမွှန်း အပ်သော အာသေဝနပစ္စယ သတ္တိဖြင့် ကြိုးစား မှသာ အပါယ်(၄)ပါးပိတ်၍ နိဗ္ဗာန်တံခါး ပွင့်ပါ မည်ခင်ဗျား။

## ပါဠိတော် အာသေဝန *(အဖန်ဖန်ထုံအပ်သော)*

၂။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

## ဘာသာပြန်

၂။ ပုရိမာ ပုရိမာ ရှေးရှေးကဖြစ်ကုန်သော အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်

http://www.dhammadownload.com


ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောက်၌ဖြစ်ကုန်သော အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား၊ အာသေဝနပစ္စယေန အဖန်ဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော ကျေးဇူးပြုတတ်သည် ဟောတိဖြစ်၏။

အဓိပ္ပါယ်ဖော်ပြချက်

၂။ ရှုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏အနိစ္စကိုသစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်နှင့် မတွေ့ရသေးသော၊ အန္ဓဗာလ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ ပုရိမာပုရိမာ၊ ရှေးရှေးက ပြုလုပ်သော အကုသိုလ်တရားများကို ဆရာကောင်းမတွေ့သောကြောင့် သမ္မာဒိဋ္ဌိဉာဏ် မရ၍၊ စတ္တာရော အပါယာ၊ သကဂေဟာ၊ သဒိသာ၊ အပါယ်(၄)ဘုံ သည် မိမိအိမ်ဂေဟာကဲ့သို့၊ စွဲမြဲစွာဖြင့်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်ပေါင်းများစွာ မဆုံးနိုင်သော၊ နောက်နောက်များစွာနှင့် အာသေဝနပစ္စယသတ္တိဖြင့် အဖန်ဖန်တလဲလဲထုံအပ်သော အကုသိုလ်ပြီး အကုသိုလ် ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည် ဟောတိဖြစ်၏။

http://www.dhammadownload.com


ပါဠိတော် အာသေဝန (အဖန်ဖန်ထုံအပ်သော)

၃။ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

အဘိဓာန်ပြန်

၃။ ပုရိမာ ပုရိမာ-ရှေးရှေး၌ဖြစ်ကုန်သော၊ ကိရိယာ ဗျာကတာ ဓမ္မာ-ကရိယာအဗျာကတ တရားတို့သည်၊ပစ္ဆိမာနံ ပစ္ဆိမာနံ- နောက်နောက်၌ဖြစ်ကုန်သော၊ ကိရိယာဗျာကတာနံဓမ္မာနံ-ကရိယာ အဗျာကတ တရားတို့အား၊ အာသေဝန ပစ္စယေန - အဖန်ဖန်တလဲလဲမှီဝဲ ထုံတတ်သော အာသေဝန ပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူး ပြုတတ်သည်၊ဟောတိဖြစ်၏။

အဓိပ္ပါယ်ဖော်ပြချက်

၃။ ရဟန္တာအရှင်သူမြတ်များသည် ရဟန္တာဖြစ်ပြီး ကတည်းက ပုရိမာ ပုရိမာ ကရိယာဗျာကတာ ဓမ္မာ၊ ကုသိုလ် အကုသိုလ်ငြိမ်း၍ ပစ္ဆိမာနံ ပစ္ဆိမာနံ နောက်နောင် ကရိယာဗျာကတာနံ ဓမ္မာနံ တို့သည် ကုသိုလ်၊ အကုသိုလ် ငြိမ်း၍ ကရိယာဗျာကတာနံ ဓမ္မာနံ၊ အာသေဝန ပစ္စယေနပစ္စယော၊ဟောတိ ဖြစ်ပါသည်ခင်ဗျား။

http://www.dhammadownload.com



# ပဌာန်းပါဠိတော်အနက်

## ( က )

၁။ ကဋတ္တာရူပါနံ = ကမ္မဇရုပ်တို့အား။

၂။ ကဋတ္တာရူပါနဉ္စ = ပဋိသန္ဓေကမ္မဇ၊ ပဝတ္တိ ကမ္မဇရုပ်တို့အားငှင်း။

၃။ ကမဋ္ဌိကာရော = အလုပ်အလွေ့ကိုပြုစေ တတ်သော။

၄။ ကာယဿ = ရုပ် ရူပကာယအား။

၅။ ကုသလာကုသလံ = ကုသိုလ်အကုသိုလ် ဖြစ်သော။

၆။ ကုသလာဓမ္မာ = ကုသိုလ်တရားတို့သည်။

၇။ ကုသလာနံဓမ္မာနံ = ကုသိုလ်တရားတို့အား။

၈။ ကေသဉ္စိ = အချို့။

၉။ ကိဉ္စိကာလေ = ပဋိသန္ဓေကာလ၌၊ ပဝတ္တိကာလ၌။

၁၀။ ကမ္မပစ္စယေန = မျိုးစေ့သဘာဝ၊ ကမ္မပစ္စယသတ္တိဖြင့်။

၁၁။ ကမ္မံ = နာနက္ခဏိက စေတနာသည်။

## ( ခ )

၁၂။ ခန္ဓာ = ခန္ဓာတို့သည်။

၁၃။ ခန္ဓာနဉ္စ = နာမက္ခန္ဓာတို့အားငှ်း။

## ( ဂ )

၁၄။ ဂရုံကတွာ = အလေးအမြတ်ပြု၍။

## ( စ )

၁၅။ စက္ခာယတနံ = စက္ခုပသာဒရုပ် မျက်စိအကြည်သည်။

၁၆။ စက္ခုဝိညာဏဓာတု = မြင်စိတ်စက္ခုဝိညာဏဓါတ်အားငှ်း။

၁၇။ စက္ခုဝိညာဏဓာတုစ = စက္ခုဝိညာဏဓါတ်မြင်စိတ်သည်။

၁၈။ စက္ခုဝိညာဏဓာတုယာစ = စက္ခုဝိညာဏဓါတ်မြင်စိတ်သည်ငှ်း။

၁၉။ စတ္တာရော = လေးပါးကုန်သော။

၂၀။ စိတ္တစေတသိကာဓမ္မာ = စိတ်စေတသိက်ဖြစ်ကုန်သောတရားတို့သည်။

၂၁။ စိတ္တသမုဋ္ဌာနာနံ = စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော။

## ( ဆ )

၂၂။ ဆန္ဒသမ္ပယုတ္တကာနံ = ဆန္ဒနှင့်ယှဉ်ကုန်သော။

၂၃။ ဆန္ဒာဓိပတိ = အကြီးအမှူးဆန္ဒသည်။

## ( ဈ )

၂၄။ ဈာနပစ္စယေန = ကပ်၍ရှုအပ်သော ဈာနပစ္စယသတ္တိဖြင့်။

၂၅။ ဈာနင်္ဂါနိ = ဈာန်အင်္ဂါငါးပါးတို့သည်။

## ( တ )

၂၆။ တေတေဓမ္မာ = ထိုထိုသဘောရှိကုန်သောအာရုံ(၆)ပါး ပစ္စည်းတရားတို့သည်။

၂၇။ တေသံတေသံ ဓမ္မာနံ = ထိုထိုသဘောရှိကုန်သောပစ္စယုပ္ပန်တရားတို့ကို။

၂၈။ တံသမ္ပယုတ္တကာနံ = ထိုစက္ခုဝိညာဏဓါတ် နှင့်ယှဉ်ကုန်သော။

၂၉။ တံသမုဋ္ဌာနာနံ = ထိုဟိတ်၊ဟိတ်နှင့်ယှဉ်သော စိတ်,စေတသိက်ဖြစ်ကြောင်းရှိကုန်သော။

http://www.dhammadownload.com


၃၀။ တံသမုဋ္ဌာနာနဉ္စ ရူပါနံ - ထိုစိတ်,စေတသိက် ဖြစ်ကြောင်းရှိကုန်သော ရုပ်တရားတို့အား။

( ဓ )

၃၁။ ဓမ္မာ - ဝေဒနာ၊သညာ၊သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်သော နာမက္ခန္ဓာ တရား(၄)ပါး၊ စိတ်,စေတသိက် တရားတို့သည်။

၃၂။ ဓမ္မာစ - စေတသိက်တရားတို့သည် လည်းကောင်း။

၃၃။ ဓမ္မာနံ - ကုသိုလ်စိတ် စေတသိက် နာမက္ခန္ဓာတို့အား လည်း ကောင်း။

၃၄။ ဓမ္မာနဉ္စ - ဆိုင်ရာသမ္ပယုတ္တဖြစ်သောစိတ်နှင့်စေတသိက်တို့သည်။

( န )

၃၅။ နဟောတိ - မဖြစ်။

http://www.dhammadownload.com


၃၆။ နမရူပံ = ပဋိသန္ဓေ နာမက္ခန္ဓာ ဟာဒယဝတ္ထုတို့သည်။

၃၇။ နိဿယပစ္စယေန = မှီရာ နိဿယ ပစ္စယ သတ္တိဖြင့်။

၃၈။ နတ္ထိပစ္စယေန = မရှိသောနတ္ထိပစ္စယ သတ္တိဖြင့်။

( ပ )

၃၉။ ပဠုပ္ပန္နာနံ = နောက်ဆက်တစ်ဖန် ဖြစ်ကုန်သော။

၄၀။ ပုရိမာ ပုရိမာ = ရှေးရှေး၌ ဖြစ်ကုန်သော။

၄၁။ ပုရေဇာတာ = ရှေ့၌ဖြစ်နှင့်သော။

၄၂။ ပုရေဇာတပစ္စယေန = ရှေ့၌ဖြစ်နှင့်သော ပုရေဇာတ ပစ္စယသတ္တိဖြင့်။

၄၃။ ပစ္စယောဥပကာရကော = ကျေးဇူးပြုသည်။

၄၄။ ပစ္ဆာဇာတာ = နောက်၌ဖြစ်ကုန်သော။

၄၅။ ပစ္ဆာဇာတပစ္စယေန = နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတပစ္စယ သတ္တိဖြင့်။

http://www.dhammadownload.com


၄၆။ ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်၌ဖြစ်ကုန်သော။

၄၇။ ပုဂ္ဂလောပိ = ကလျာဏမိတ္တ စသည်ပုဂ္ဂိုလ်သည်လည်း။

( ဘ )

၄၈။ ဘောဇနမ္ပိ = လျောက်ပတ်သောဘောဇဉ်ခဲဖွယ်သည်၎င်း။

( မ )

၄၉။ မနောဓါတုယာစ = မနောဓါတ်အား၎င်း။

၅၀။ မနောဝိညာဏဓါတုယာစ = မနောဝိညာဏဓါတ်တို့အား၎င်း။

၅၁။ မဟာဘူတာ = မဟာဘုတ်တို့သည်။

၅၂။ မဂ္ဂပစ္စယေန = ဆောင်ပို့ထွက်မြောက်ကြောင်းမဂ္ဂပစ္စယသတ္တိဖြင့်။

၅၃။ မဂ္ဂင်္ဂါနိ = မဂ္ဂင်တရား(၈)ပါးတို့သည်။

http://www.dhammadownload.com


( ယ )

၅၄။ ယေယေဓမ္မာ - အကြောင်းအကြောင်းသို့ သဘော ရှိကုန်သော အာရမ္မဏိက ပစ္စယုပ္ပန် တရားတို့သည်။

၅၅။ ယေသံယေသံ - အကြောင်းအကြောင်းသို့သော သဘောရှိ၍ ရှေး၌ဖြစ် ကုန်သော။

၅၆။ ယံယံဓမ္မံ - အကြောင်းအကြောင်းသို့ သဘော ရှိကုန်သော အာရုံ(၆)ပါး ပစ္စည်း တရားတို့ကို။

( ရ )

၅၇။ ရူပဇီဝိတိန္ဒြိယံ - ရုပ်ဇီဝိတိန္ဒြေသည်။

၅၈။ ရူပါနံ - စိတ္တဇရုပ်တို့အား။

၅၉။ ရူပါနဉ္စ - သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့ အားလည်းကောင်း။

၆၀။ ရူပါယတနံ -ပစ္စုပ္ပန်ရူပါရုံအဆင်းသည်။

၆၁။ ရူပီဓမ္မာ - ရုပ်ဖြစ်ကုန်သော။

( ဝ )

၆၂။ ဝိဂတပစ္စယေန - ကင်းချုပ်သည်၏အဖြစ် ဝိဂတပစ္စယသတ္တိဖြင့်။

၆၃။ ဝိပါကပစ္စယေန - အကျိုးဝိပါက်ပစ္စယ သတ္တိဖြင့်။

၆၄။ ဝိပါကာ - အကျိုးဝိပါက်ဖြစ်ကုန်သော။

၆၅။ ဝိပါကာနံ - အကျိုးဝိပါက်ဖြစ်ကုန်သော ဝိပါကဝဋ်(၈) ပါးသည်လည်းကောင်း။

၆၆။ ဝိပ္ပယုတ္တပစ္စယေန - မယှဉ်ခြင်း၊ ဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့်။

( သ )

၆၇။ သမနန္တရနိရုဒ္ဓါ - မိမိ၏အခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော။

၆၈။ သမနန္တရပစ္စယေန - ကောင်းစွာအခြားမဲ့သမနန္တရပစ္စယသတ္တိဖြင့်။

၆၉။ သမနန္တရဝိဂတာ - မိမိ၏အခြားမဲ့၌ ကောင်းစွာကင်းကုန်ပြီးသော။

၇၀။ သဟာဇာတပစ္စယေန = အတူတကွ ဖြစ်ဖေါ် ဖြစ်ဖက် အထောက် အပံ့ အားဖြင့် ကျေးဇူးပြု တတ်သော သဟဇာတပစ္စယ သတ္တိဖြင့်။

၇၁။ သေနာသနမ္ပိ = ကျောင်းအိမ်စသည့် နေရာကိုလည်းကောင်း။

၇၂။ သဇ္ဇ = ခပ်သိမ်းကုန်သော။

၇၃။ သမ္ပယုတ္တပစ္စယေန = ယှဉ်ခြင်း၊ သမ္ပယုတ္တ ပစ္စယ သတ္တိဖြင့်။

( ဟ )

၇၄။ ဟေတုပစ္စယေန = ဟေတုပစ္စယသတ္တိဖြင့်။

၇၅။ ဟေတုပစ္စယောတိ = ဟေတုပစ္စည်းဟူသည် ကား။

၇၆။ ဟေတုသမ္ပယုတ္တကာနံ = ဟိတ်နှင့်ယှဉ်ကုန် သော။

၇၇။ ဟေတူ = ဟိတ်(၆)ပါးတို့သည်။

၇၈။ ဟောတိ = ဖြစ်၏။

http://www.dhammadownload.com


## ( အ )

၇၉။ အကုသလာနံ = အကုသိုလ်တရားတို့အား

၈၀။ အညမညံ = အချင်းချင်း။

၈၁။ အညမညပစ္စယေန - အချင်းချင်းအထောက် အပံ့ဖြစ်သည့် အညမည ပစ္စယသတ္တိဖြင့်။

၈၂။ အဓိပတိပစ္စယေန - အကြီးအမှူးပြုသော အဓိပတိပစ္စယသတ္တိဖြင့်။

၈၃။ အနန္တရပစ္စယေန - အခြားမဲ့ အနန္တရပစ္စယ သတ္တိဖြင့်။

၈၄။ အနန္တရာ - အခြားမဲ့ဖြစ်ကုန်သော။

၈၅။ အဗျာကတာနံ ဓမ္မာနံ - အဗျာကတ တရားတို့ အား။

၈၆။ အရူပိနံ - နာမ်ဖြစ်ကုန်သော။

၈၇။ အဝိဂတပစ္စယေန - ထင်ရှားရှိနေခြင်း အဝိဂတပစ္စယသတ္တိဖြင့်။

၈၈။ အာရမ္မ - အာရုံပြု၍။

၈၉။ အာရမ္မဏပစ္စယေန - အာရမ္မဏပစ္စယသတ္တိ ဖြင့်။

F 11 B

http://www.dhammadownload.com

၉၀။ အာသေဝနပစ္စယေန - အဖန်တလဲလဲထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့်။

၉၁။ အာဟာရော - အာဟာရသည်။

၉၂။ အာဟာရပစ္စယေန - ထောက်ပံ့ခိုင်ခံ့စေခြင်း အာဟာရပစ္စယသတ္တိဖြင့်။

၉၃။ အဝိဂတပစ္စယေန - အကင်းသည်၏အဖြစ်၊ ထင်ရှားရှိနေခြင်း အဝိဂတပစ္စယသတ္တိဖြင့်။

၉၄။ အတ္ထိပစ္စယေန - ထင်ရှားရှိသည့်အဖြစ်၊ အတ္ထိပစ္စယသတ္တိဖြင့်။

၉၅။ ဣန္ဒြိယပစ္စယေန - အစိုးရသည်၏ အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။

၉၆။ ဥတုသာ - ဥတုသို့သဘောရှိသော။

၉၇။ ဥပနိဿယပစ္စယေန - အားကြီးသောမှီရာ အထောက်အပံ့အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။

၉၈။ ဥပါဒါရူပါနံ - ဥပါဒါရုပ်တို့အား။

၉၉။ ဥတုပီ - အချမ်းအပူဟူသော ဥတုသည်လည်းကောင်း။

၁၀၀။ ဥပ္ပဇ္ဇန္တိ - ဖြစ်ကုန်၏။

၁၀၁။ ဩက္ကန္တိက္ခဏေ - ပဋိသန္ဓေ ခဏ၌။

# ဤတွင်ပဋ္ဌာန်းတရားတော် ပြီးဆုံးပါပြီ။

ဤသို့ပြုရမြတ်ပုညသည် ကျေးဇူးရှင်မိဘ နှစ်ပါး နှင့် ညီမများတို့အား သစ္စာတရားများ နားကြား အားထုတ်နိုင်သော ဘဝထူး ဘဝမြတ်ရ ကြပါစေ။

ဦးခင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
အမှတ်(၁၇၁)၊ မြစန္ဒာလမ်း ၂၇ × ၂၈ ကြား၊
အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုံး ၆၆၂၀၉

http://www.dhammadownload.com

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

ပ.မ.သာ.စ.၄/ဒ၆. ၄.၂၀၀၆ (၅၀၀အုပ်) လစ်သို့။ ပြင်ပ။

http://www.dhammadownload.com

http://www.dhammadownload.com

